# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက် | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၁၂၃)


## ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ကန့်ဘလူမြို့နယ်၌ ဆီထွက်သီးနှံစုံ ကေနှစ်သိန်းကျော် စိုက်ပျိုးထားရှိ

ကန့်ဘလူ ဇန်နဝါရီ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ စုစုပေါင်း ၁၉၉၁၈၃ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်အတွင်း ဆီထွက်သီးနှံများ ဖြစ်သည့် မြေပဲ၊ နှမ်း၊ မုန်ညင်း၊ နေကြာနှင့်ပန်းနှမ်း စသည့်သီးနှံစုံ စိုက်ဧက ၂၀၁၁၀၈ ဧကကို ယမန်နှစ်စက်တင်ဘာလက စတင်စိုက်ပျိုးခဲ့ရာ မြေပဲ ၉၇၉၆၈ ဧက၊ နှမ်း ၉၅၇၁၅ ဧက၊ မုန်ညင်း ၅၃၂ ဧက၊ နေကြာ ၂၉၃၅ ဧကနှင့် ပန်းနှမ်း ၂၀၃၃ ဧက စုစုပေါင်း ၁၉၉၁၈၃ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

ကန့်ဘလူမြို့နယ်၌ ဆောင်းရာသီ ဆီထွက်သီးနှံများကို မိုးရာသီနှင့် ဆောင်းရာသီတို့တွင် စိုက်ပျိုးကြပြီး ဒေသခံတောင်သူလယ်သမားများ ဆီထွက်သီးနှံ အမျိုးအစားအလိုက် မျိုးကောင်းမျိုးသန့်ရရှိရေး၊

စာမျက်နှာ ၄ ကော်လံ ၁ ◆


ယနေ့ မာတိကာ

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း
ဥပဒေ | စာ ၃

မကြာမီဖွင့်လှစ်တော့မည့် သန်လျင်တံတား အမှတ် - ၃ ကြောင့် သန်လျင်မြို့နယ်၌ အိမ်ခြံမြေ ဈေးပိုကောင်းလာနိုင်
ပြည်တွင်းသတင်း | စာ ၆

ပြည်တွင်းရေးကို စွက်ဖက်လာသော ပြည်ပမီဒီယာ ...
ဆောင်းပါး | စာ ၁၀

တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် ပါကစ္စတန်နှင့်အီရန် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်
နိုင်ငံတကာသတင်း | စာ ၁၃


## ထိုင်းနိုင်ငံမှ ဈေးကောင်းပေး ဝယ်ယူနေ၍ ဆေးရွက်ကြီးစိုက်တောင်သူများ စီးပွားရေးတွက်ခြေကိုက်



စုကလိ ဇန်နဝါရီ ၃၀

ကရင်ပြည်နယ် စုကလိမြို့ မဲကုလားအုပ်စု ဆုံဆည်းမြိုင်ကျေးရွာတွင် တစ်ပိုင်တစ်နိုင် စီးပွားဖြစ် မြန်မာ့ဆေးရွက်ကြီး ဒေသအခေါ် ခေးလိုးဆေးများကို ထိုင်းနိုင်ငံမှ ဈေးကောင်းပေး၍ စိုက်ပျိုးရေးတောင်သူများ စီးပွားရေးတွက်ခြေကိုက်လျက်ရှိကြောင်း သိရသည်။

မြဝတီခရိုင် စုကလိမြို့ မဲကုလားအုပ်စု ဆုံဆည်းမြိုင်ကျေးရွာရှိ မြန်မာ့ဆေးရွက်ကြီး စိုက်ပျိုးရာတွင် လျာထားဧက ၃၅ ဧကထက် ပိုမိုကျော်လွန် စိုက်ပျိုးထားနိုင်ပြီး တစ်ဧကလျှင် အထွက်နှုန်း ၃၂၄ ပိဿာအထိ ထွက်ရှိကာ စုကလိဒေသ ပေါက်ဈေးအနေဖြင့် တစ်ကီလိုလျှင် ထိုင်းဘတ်ငွေ ၂၅၀ အထိ ဈေးကောင်းရရှိကြောင်း သိရသည်။

ဆေးရွက်ကြီးပင်များကို စိုက်ပျိုးရာတွင် မြစ်နား၊ ချောင်းနား၊ ကမ်းနားများရှိ သဲနုန်းမြေများပေါ်တွင် အစေ့ချစိုက်ပျိုးခြင်းဖြစ်ပြီး အပင်ပေါက် သက်တမ်း နှစ်ပတ်ခန့်အကြာတွင် အပင်ပေါက်စုံပြီး ဖြစ်သဖြင့် တစ်ပင်တစ်ကျင်းနှုန်းဖြင့် ပြောင်းရွှေ့စိုက်ပျိုးထားနိုင်ကာ အပင်သက်တမ်း ခြောက်လမှ ခုနစ်လအကြာတွင် ခူးဆွတ်လှီးဖြတ် အခြောက်ခံပြီး

စာမျက်နှာ ၄ ကော်လံ ၃ ○

မြန်မာ့အလင်း

# ယုံကြည်မှုဖြင့် တည်ဆောက်မှသာလျှင် ပြည်သူလူထု ပူးပေါင်းပါဝင်မည်

၂၀၂၁ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအပြောင်းအလဲများတွင် ဆန္ဒပြမှုများမှသည် သွေးထိုးလှုံ့ဆော်မှုများကြောင့် ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်ဖျက်ဆီးမှု စသည်ဖြင့် အဆင့်ဆင့်ပြောင်းလဲသွားခဲ့ပြီး နိုင်ငံရေးလမ်းကြောင်းပေါ်မှသည် အကြမ်းဖက်လက်နက်ကိုင်ဆန့်ကျင်သည့် လမ်းကြောင်းဆီသို့ ရောက်ရှိသွားခဲ့သည်ကို လွန်ခဲ့သည့်နှစ်များအတွင်း ပြည်သူအားလုံး တွေ့ရှိခဲ့ကြပြီးဖြစ်သည်။ PDF အပါအဝင် အဆိုပါကာလအတွင်း ပေါ်ပေါက်လာသည့် အမည်အမျိုးမျိုး ခံယူထားကြသည့် လက်နက်ကိုင်အဖွဲ့အစည်းများ၊ အုပ်စုများမှာ ၎င်းတို့လက်တွေ့ပြုကျင့်ခဲ့သည့် လုပ်ရပ်များအရ အကြမ်းဖက်အဖွဲ့များဖြစ်ကြသည်ကိုလည်း တွေ့ရှိနိုင်သည်။

အတိတ်ကာလက ကွန်မြူနစ်တို့၏ခြေရာကို တစ်ထပ်တည်းနင်းကာ ရန် – ငါ ပြတ်သားရမယ်၊ အစိုးရဒေါက်တိုင်တွေကို ရှင်း၊ ကြားနေမရှိ ဟူသော လှုံ့ဆော်မှုများ၏နောက်တွင် ရဟန်းသံဃာသီလရှင်များ၊ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ အပြစ်မဲ့ပြည်သူများကိုပါ လုပ်ကြံသတ်ဖြတ်သည်အထိ အကြမ်းဖက်မှုကို ကျူးလွန်ခဲ့ကြသည်။ ပြည်တွင်းမတည်ငြိမ်မှုနှင့် ပဋိပက္ခများဖြစ်ပေါ်မှုတို့ကို အခွင့်ကောင်းယူ အမြတ်ထုတ်လိုကြသည့် EAO အချို့ကလည်း အကြမ်းဖက်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ လက်နက်ခဲယမ်းထောက်ပံ့ခြင်းတို့ကို နောက်ကွယ်မှ ပြုလုပ်ပေးခဲ့ခြင်းတို့ကြောင့် ပြည်တွင်း၌ အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးမှု၊ သတ်ဖြတ်မှုများ အရှိန်မြင့်ခဲ့ရသည်။ လက်ရှိနိုင်ငံ့တာဝန်ကို ယူထားရသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်မှာ လွတ်လပ်ပြီး တရားမျှတ၍ နည်းလမ်းကျနမှန်ကန်သည့် အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေးနှင့် ယင်းမှထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေးဖြစ်ရာ အဆိုပါရည်မှန်းချက် အောင်မြင်ပြီးမြောက်နိုင်ရန်မှာ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရရှိရန်လိုသည်။

“ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရန်အတွက် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရှိရန်လိုကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိရန်အတွက် အားလုံးပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ၂၀၂၁ ခုနှစ်နောက်ပိုင်း ဖြစ်ပေါ်လာသည့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံတော်အတွက် ဆုံးရှုံးမှုများရှိသကဲ့သို့ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များလည်း ထိခိုက်ခဲ့ရကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် ဇန်နဝါရီ ၆ ရက်က ရင်းရင်းနှီးနှီးတွေ့ဆုံရာ၌ ပြောကြားခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ကော်မတီအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၄) တွင်လည်း ပြည်သူအားလုံးပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်နှင့်စပ်လျဉ်း၍ “ပြည်သူ့လုံခြုံရေးစနစ်သည် အရေးကြီးပြီး ပြည်သူလူထု၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးတာဝန်ရှိသူများအားလုံး ညီညီညွတ်ညွတ်ဖြင့် စည်းလုံးမှုရှိပါက လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းရပ်များသည်လည်း အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ အဓိကမှာ အကြမ်းဖက်သူများ၏ သတင်းပေးပို့ရန်ဖြစ်ပြီး သတင်းပေးပို့သူကိုလည်း လျှို့ဝှက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူ့လုံခြုံရေးစနစ်ကို စနစ်တကျဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုပြီး ပြည်သူ့လုံခြုံရေးစနစ်မှတစ်ဆင့် ပြည်သူ့ကာကွယ်ရေးစနစ်သို့ ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း” ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံအတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် ပြည်သူအားလုံး၏ နေ့စဉ်ဘဝများနှင့် သက်ဆိုင်သည့်အလျောက် ပြည်သူအားလုံးပူးပေါင်းပါဝင်ကြရန်လိုသည်။ ပြည်သူ့လုံခြုံရေးစနစ်တွင် ပြည်သူလူထုတစ်ရပ်လုံး တက်တက်ကြွကြွ ပူးပေါင်းပါဝင်လာရန်မှာ ယင်းစနစ်ကို ပြည်သူလူထုနှင့်အတူ ဖော်ဆောင်ကြရမည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးအဖွဲ့အစည်းများ၏ စည်းကမ်းကောင်းမွန်မှု၊ တာဝန်ကျေပွန်မှုနှင့်အတူ စည်းရုံးမှုစွမ်းရည်မြင့်မားရန် လိုအပ်မည်ဖြစ်သည့်အပြင် “ယုံကြည်မှုဖြင့် တည်ဆောက်မှသာလျှင် ပြည်သူလူထုပူးပေါင်းပါဝင်မည်”ဟူသော အသိကိုလည်း စွဲမြဲထားကြရပါမည့်အကြောင်း။ ။

**တစ်လှေတည်းစီး**
**တစ်ခရီးတည်းသွား**
**ပြည်ထောင်စုသား**
**သွေးချင်းများ**
**တွဲထားလက်များ**
**ခိုင်စေသား။**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် ဇန်နဝါရီ ၃၀

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ



## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေကျပ်တစ်သောင်းပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၃၃၊ ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၃၀**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“အနာဂတ်နိုင်ငံတော်အတွက် ကလေးငယ်များအား ပညာသင်ကြားပေးနေသည့် ကျောင်းဆရာ/ဆရာမများအား အကြောင်းမဲ့ဖမ်းဆီးသတ်ဖြတ်နှိပ်စက်နေသည့် အကြမ်းဖက်သမားများ”** ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“အကြမ်းဖက်အဖွဲ့များ၏ ရက်စက်စွာသတ်ဖြတ်မှုများကို ကန့်ကွက်ရှုတ်ချ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၁၅ /၂၀၂၄)**

**၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်**

**(၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်း အစားထိုးရမည်–

“(ဆ) **ကြားဖြတ်ရွေးကောက်ပွဲ** ဆိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦး နုတ်ထွက်ခြင်း၊ ကွယ်လွန်ခြင်း၊ ဥပဒေနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခံရခြင်း သို့မဟုတ် တာဝန်မှရုပ်သိမ်းခံရခြင်းကြောင့် လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်များအတွက် အခါအားလျော်စွာ ကော်မရှင်က သတ်မှတ်ကျင်းပသည့် ရွေးကောက်ပွဲကိုဆိုသည်။”

၃။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ တွင် –

(က) ပုဒ်မခွဲ(စ)၌ပါရှိသော “ရက်ပေါင်း ၉၀” ဆိုသည့် စကားရပ်ကို “ရွေးကောက်ပွဲ ကျင်းပမည့်နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့်နေ့ရက်” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ “ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀၀၀” ဆိုသည့် စကားရပ်ကို “ပါတီဝင်ဦးရေအနည်းဆုံး ၅၀၀၀၀” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(ဇ)၌ ပါရှိသော “ရက်ပေါင်း ၁၈၀” ဆိုသည့် စကားရပ်ကို “ရွေးကောက်ပွဲ ကျင်းပမည့်နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့်နေ့ရက်” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ “မြို့နယ်အားလုံး၏ အနည်းဆုံး ထက်ဝက်” ဆိုသည့်စကားရပ်ကို “မြို့နယ်အားလုံး၏ အနည်းဆုံးသုံးပုံတစ်ပုံ” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၄။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်–

“ပုဒ်မ ၁၇။ ပါတီတစ်ခုသည် –

(က) မိမိ၏နှစ်စဉ် ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးနှစ်အလိုက် ရေးဆွဲခြင်း၊ ပါတီပိုင်ပစ္စည်းများနှင့် စပ်လျဉ်းသည့် နှစ်ချုပ်စာရင်းပြုစုခြင်း၊ ပါတီစည်းမျဉ်းနှင့်အညီ အတည်ပြုချက်ရယူခြင်းတို့ကို သတ်မှတ်သည့်အတိုင်း ဆောင်ရွက်ရမည်။

(ခ) ပုဒ်မ ၅ ပုဒ်မခွဲ (ဆ)အရ ငွေစာရင်းဖွင့်လှစ်ထားသည့် ပါတီရန်ပုံငွေကို ကော်မရှင်က ထုတ်ပြန်သည့် အမိန့် သို့မဟုတ် ညွှန်ကြားချက်နှင့်အညီ သုံးစွဲရမည်။”

၅။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၉ ကို အောက်ပါအတိုင်းအစားထိုးရမည်–

“(က) ပါတီတစ်ခုသည် ပုဒ်မ ၁၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၄)၊ (၅)၊ (၆)၊ သို့မဟုတ် (၇)ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်း၍ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရပါက ပါတီပိုင်ပစ္စည်းများကို နိုင်ငံတော်အစိုးရက သတ်မှတ်ပေးသည့် ဌာန၊ အဖွဲ့အစည်းသို့ သတ်မှတ်သည့် နည်းလမ်းအတိုင်း အပ်နှံရမည်။

(ခ) ပါတီမှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားခြင်းမရှိသဖြင့် နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု ဤဥပဒေအရ မှတ်ယူခံရသောပါတီ သို့မဟုတ် ယင်းပါတီ၏ ဗဟိုအလုပ်အမှုဆောင်အဆင့်ထက် မနိမ့်သူတစ်ဦးဦးသည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၄)၊ (၅)၊ (၆) သို့မဟုတ် (၇)ပါ အချက် တစ်ရပ်ရပ်နှင့်လည်း ငြိစွန်းမှုရှိကြောင်း စိစစ်တွေ့ရှိရပါက ပါတီပိုင်ပစ္စည်းများကို နိုင်ငံတော်အစိုးရက သတ်မှတ်ပေးသည့် ဌာန၊ အဖွဲ့အစည်းသို့ သတ်မှတ်သည့် နည်းလမ်းအတိုင်း အပ်နှံရမည်။

(ဂ) ပုဒ်မခွဲ (က)နှင့် (ခ)တို့အရ အပ်နှံသည့် ပစ္စည်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းသည် နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၃၀**

Campana Mythic Co.,Ltd သည် မြန်မာ–စင်ကာပူ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေအောက် ဖိုင်ဘာကေဘယ်သွယ်တန်းခြင်းလုပ်ငန်းကို ရေအောက်ကေဘယ်ချခင်းသည့် သင်္ဘော CS. Prima Nusantara X ဖြင့် မြန်မာ့ရေပိုင်နက်အတွင်း ဆောင်ရွက်သွားမည့် ဧရိယာများဖြစ်သော မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၂ ဒသမ ၄၉၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၉ ဒသမ ၀၀၆ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၅၇ ဒသမ ၀၆၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၅ ဒသမ ၆၂၉ မိနစ်တွင် (၂၈–၁–၂၀၂၄)ရက်နေ့မှ(၁၁–၂–၂၀၂၄) ရက်နေ့အထိလည်းကောင်း၊ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၅ ဒသမ ၄၈၅၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၉ ဒသမ ၆၆၁၀ မိနစ်၊ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၄ ဒသမ ၉၂၈၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၉ ဒသမ ၅၃၉၀ မိနစ်၊ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁ ဒသမ ၁၅၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၈ ဒသမ ၇၀၅၂ မိနစ်၊ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၀ ဒသမ ၇၈၇၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၈ ဒသမ ၆၂၁၇ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၆ ဒသမ ၅၇၈၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃ ဒသမ ၅၂၆၈ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၅ ဒသမ ၈၃၆၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃ ဒသမ ၄၉၇၈ မိနစ်တွင် (၁၂–၂–၂၀၂၄)ရက်နေ့မှ (၁၄–၂–၂၀၂၄) ရက်နေ့အထိလည်းကောင်း၊ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၅ ဒသမ ၄၈၅၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၉ ဒသမ ၆၆၁၀ မိနစ်၊ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၄ ဒသမ ၉၂၈၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၉ ဒသမ ၅၃၉၀ မိနစ်တွင် (၁၅–၂–၂၀၂၄) ရက်နေ့မှ (၁၆–၂–၂၀၂၄) ရက်နေ့အထိလည်းကောင်း၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၂ ဒသမ ၆၄၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၁ ဒသမ ၃၄၈ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ ဒသမ ၆၄၆ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၁ ဒသမ ၃၃၈ မိနစ်တွင် (၁၇–၂–၂၀၂၄)ရက်နေ့မှ (၂၁–၂–၂၀၂၄) ရက်နေ့အထိလည်းကောင်း၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇ ဒသမ ၆၆၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃ ဒသမ ၀၅၇ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇ ဒသမ ၁၆၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၂ ဒသမ ၄၁၃ မိနစ်တွင် (၂၂–၂–၂၀၂၄)ရက်နေ့မှ (၂–၃–၂၀၂၄)ရက်နေ့အထိလည်းကောင်း၊ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ ဒသမ ၉၈၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၃၁ ဒသမ ၉၆၅ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇ ဒသမ ၃၈၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၂ ဒသမ ၄၁၇ မိနစ်တွင် (၃–၃–၂၀၂၄) ရက်နေ့မှ (၅–၅–၂၀၂၄) ရက်နေ့အထိလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာ့ရေပိုင်နက်အတွင်း ဆောင်ရွက်သွားမည့် ပင်လယ်ရေအောက်ဖိုင်ဘာကေဘယ်များ ပြုပြင်ရေးလုပ်ငန်းများကို ဆောင်ရွက်မည့်လမ်းကြောင်းတစ်လျှောက် လုပ်ငန်းဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာ ဧရိယာများအတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ပန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် (ရေဆင်း) မှ ကျောင်းသား ကျောင်းသူများ အမျိုးသားပြတိုက်နှင့် အမျိုးသားစာကြည့်တိုက်များသို့ လေ့လာ

**နေပြည်တော် ဇန်နဝါရီ ၃၀**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ (ရေဆင်း) ဘွဲ့ကြိုသင်တန်းများမှ ကျောင်းသား ကျောင်းသူများသည် ဇန်နဝါရီ ၂၇ရက်က နေပြည်တော်ရှိ အမျိုးသားပြတိုက်နှင့် အမျိုးသားစာကြည့်တိုက်များသို့ သွားရောက်လေ့လာခဲ့ကြသည်။

**လိုက်လံရှင်းလင်းပြသ**

ကျောင်းသား ကျောင်းသူများသည် အမျိုးသားပြတိုက်နှင့် အမျိုးသားစာကြည့်တိုက်များသို့ ရောက်ရှိကြပြီး အမျိုးသားပြတိုက်တွင် ခင်းကျင်းပြသထားသည့် ပြခန်းများနှင့် စာကြည့်တိုက်တွင် ခင်းကျင်းပြသထားမှုများ၊ စာကြည့်တိုက်လုပ်ငန်း ဆောင်ရွက်မှုများကို လေ့လာကြရာ အမျိုးသားပြတိုက်နှင့် အမျိုးသားစာကြည့်တိုက်များမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။**(ယာပုံ)**



အဆိုပါ လေ့လာရေးအဖွဲ့တွင် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ (ရေဆင်း) မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၄၀ ပါဝင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား ကြိုတင်ပြင်ဆင်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၃၀**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဒုတိယဝန်ကြီး ဦးရဲတင့်၊ သက်ဆိုင်ရာ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် နေပြည်တော် မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (၁) သို့ သွားရောက်ပြီး ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား ကြိုတင်ပြင်ဆင် ဆောင်ရွက် ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။(ဃာပုံ)

**အားပေးစကားပြောကြား**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်းဗဟိုဌာန (၁) တွင် တည်ဆောက်လျက်ရှိသော ရုပ်ရှင်အနုပညာရှင်များအတွက် ကြိုဆိုရေး မုခ်ဦး၊ ဂုဏ်ပြုခံ လျှောက်လမ်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ရုပ်ရှင်အနုပညာရှင်များအတွက် ကြိုဆိုရေး၊ ညှော်ခံကျွေးမွေးရေး၊ တွေ့ဆုံမေးမြန်းရေး ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ ဖျော်ဖြေရေး၊ ဆုများချီးမြှင့်ရေးနှင့် မီး၊ အသံစနစ်များ ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းပေးကာ ရွှေကြိုမောင်မယ်များနှင့် ပါဝင်ဖျော်ဖြေ တင်ဆက်ကြမည့် အနုပညာရှင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားသည်။

**ဆုများပေးအပ်ချီးမြှင့်**

၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ၌ ကျင်းပမည်ဖြစ်ပြီး အခမ်းအနားသို့ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင် တစ်ထောင်ကျော် တက်ရောက်မည်ဖြစ်ကာ ၂၀၂၃ ခုနှစ်အတွင်း ရုံတင်ပြသထားသည့် ရုပ်ရှင်ဇာတ်ကားများမှ အကောင်းဆုံး အနုပညာရှင်၊ အတတ်ပညာရှင်များကို ရုပ်ရှင်ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်မည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ခါကာဘိုရာဇီအမျိုးသားဥယျာဉ်အတွင်း ပေါက်ရောက်သည့် ဂူရှားပင်အပါအဝင် ဆေးဖက်ဝင်အပင် ၂၄ မျိုးအား မှတ်တမ်းတင်ထား

**ရန်ကုန် ဇန်နဝါရီ ၃၀**

မြန်မာပြည်မြောက်ဖျား ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ဧရိယာအတွင်း ရှင်သန်ပေါက်ရောက်လျက်ရှိသည့် ဆေးဖက်ဝင်အပင် ၂၄ မျိုးတွင် အဖိုးတန်ဆေးဖက်ဝင် ဂူရှားပင်ကိုလည်း တွေ့ရှိမှတ်တမ်းတင်ထားကြောင်း သိရသည်။

**ဆေးဖက်ဝင်အပင် ၂၄ မျိုးကို မှတ်တမ်းတင်ထား**

ရေခဲတောင်များနှင့်သစ်တောတို့သည် ကမ္ဘာ့ဂေဟစနစ်တည်ငြိမ်မှုကို အဓိကထိန်းညှိပေးလျက်ရှိပြီး မြစ်ချောင်းများ၏ ရေဝေရေလဲ တည်တံ့မှုတွင်လည်း အရေးပါလျက်ရှိသည်။ ဆီးနှင်းဖုံးလွှမ်းသည့် ဟိမဝန္တာတောင်တန်းများနှင့် ဆက်စပ်လျက်ရှိသည့် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်သည် ဇီဝမျိုးစုံမျိုးကွဲစုံလင်စွာ ရှင်သန်နေသည့်အပြင် မြန်မာပြည်၏ အဖိုးတန်ရှားပါးသစ်ခွနှင့် တောင်ဇလပ်မျိုးစိတ်များ၊ ရေခဲတောင်ဒေသအတွင်း ရှင်သန်သည့် ဆေးဖက်ဝင်အပင်များလည်း ကြွယ်ဝစွာပေါက်ရောက်လျက်ရှိသည်။ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်အတွင်း အပင်ကြီး ၂၉၇ မျိုး၊ သစ်ခွနက်အပါအဝင် သစ်ခွအမျိုးပေါင်း ၂၂၀ တို့ကို မှတ်တမ်းတင်ပြုစုထားပြီး အထူးသဖြင့် ဆေးဖက်ဝင်အပင် ၂၄ မျိုးကို မှတ်တမ်းတင်ထားနိုင်ကြောင်း သိရသည်။



ဂူရှားပင်အား တွေ့ရစဉ်။

**ဂူရှားပင်သည် ရှားပါးသောဆေးဖက်ဝင်အပင်အဖြစ် ကျော်ကြား**

ခါကာဘိုရာဇီအမျိုးသားဥယျာဉ်အတွင်း မချစ်ဥ၊ အဆိပ်ဥ၊ ခန်းတောက်မြစ်၊ ဆားချိ(ဆေးပိန်းဥ)နှင့် ရှီးပဒီးကဲ့သို့ ဆေးဖင်ဝင်အပင်၊ ဥနှင့်အမြစ်များအပြင် ဆေးဖင်ဝင် ဂူရှားပင်တို့ ရှင်သန်ပေါက်ရောက်လျက်ရှိသည်။ ဂူရှားပင်သည် အမြင့်ပေ ၁၂၀၀၀ နှင့် ၁၆၀၀၀ ကျော်တွင် ရှင်သန်လေ့ရှိပြီး ဂူရှားပင်မှ ဂူရှားဥသည်လည်း ဆေးဖက်ဝင်အပင် ၂၄ မျိုးတွင် ရှားပါးသောဆေးဖက်ဝင်အပင်အဖြစ် ကျော်ကြားလျက်ရှိသည်။

"ခါကာဘိုရာဇီအမျိုးသားဥယျာဉ်အတွင်းက ဆေးဖက်ဝင်အပင် ၂၂ မျိုးကို ထပ်မံသုတေသနပြုပြီး မျိုးခွဲတဲ့အခါမှာ ဆေးဖက်ဝင်အပင် ၂၄ မျိုးအထိ မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ ဒီဆေးဖက်ဝင်အပင်တွေဟာ ပူတာအိုအနီးတစ်ဝိုက်နဲ့ ခါကာဘိုရာဇီ ရေခဲတောင်ဂေဟစနစ်မှာပဲ ရှင်သန်ပေါက်ရောက်နိုင်တဲ့ ဆေးဖက်ဝင်အပင်တွေပါ။ အခြားနေရာတွေမှာ မရှိပါဘူး။ အပင်မျိုးစိတ်ကြွယ်ဝတဲ့ ဥယျာဉ်ဖြစ်တဲ့အတွက် သိပ္ပံနည်းကျ လေ့လာမှတ်တမ်းမတင်ရသေးတဲ့ မျိုးစိတ်အများအပြားလည်း ရှိနေပါသေးတယ်။ ဆေးဖက်ဝင်အပင် ၂၄ မျိုးမှာ ဂူရှားပင်ဟာလည်း အဖိုးတန်အပင်တစ်မျိုးဖြစ်ပါတယ်။ ကမ္ဘာကြီးရဲ့ ရာသီဥတုကို ထိန်းညှိပေးရာမှာ ရေခဲတောင်တွေနဲ့ ပင်လယ်ကမ်းရိုးတန်းတွေဟာ အရေးပါပါတယ်။

ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ဆိုရင် ဇီဝမျိုးစုံမျိုးကွဲတွေ၊ အပင်ကြီးတွေ၊ ရှားပါးသစ်မြစ်၊ သစ်ဥတွေ၊ ရေခဲငါးနဲ့ တောရိုင်းတိရစ္ဆာန်တွေ၊ သစ်တောနဲ့ရေခဲတောင်တွေဟာ သဘာဝကပေးတဲ့ လက်ဆောင်ဖြစ်တာကြောင့် ရေရှည်တည်တံ့ဖို့ဆိုရင် မျိုးဆက်အလိုက် ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားဖို့လည်းလိုပါတယ်။ အထူးသဖြင့် ရေခဲတောင်မှာပေါက်တဲ့ ဆေးဖက်ဝင်အပင်တွေဟာ ရှားပါးပြီး အင်မတန်တန်ဖိုးကြီးတဲ့အတွက် နိုင်ငံအတွက် ဂုဏ်ယူဖွယ်လည်း ဖြစ်ပါတယ်"ဟု ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်သုတေသနနှင့် အသိပညာပေးလုပ်ငန်းမှ တာဝန်ခံ ဒေါ်အယ်လ်ကေစီယွန်က ပြောသည်။

**ငါးနှစ်အကြာတွင် အပွင့်တစ်ပွင့် ပွင့်လေ့ရှိ**

ဆေးဖက်ဝင်ဂူရှားဥသည် မချစ်ဥနှင့်အပင်ချင်း ပုံသဏ္ဌာန်တူသော်လည်း မချစ်ဥမှာခါး၍ ဂူရှားဥမှာ ချိုသောအရသာရှိရာ နှလုံးရောဂါနှင့် အဆုတ်ရောဂါအတွက် အသုံးဝင်လျက်ရှိပြီး သိပ္ပံအမည်မှာ Fritillaria delavayi ဖြစ်သည်။ ယခုလိုရာသီတွင် ဂူရှားအမြစ်ကို ခါကာဘိုရာဇီရေခဲတောင်ထိပ်အနီး၌ ရှာဖွေတူးဖော်ကြလေ့ရှိပြီး ဂူရှားပင်ပေါက်ရောက်သောဝန်းကျင်၌ အခြားမည်သည့်အပင်မျှ ပေါက်ရောက်မှုမရှိဘဲ တစ်နှစ်အကြာတွင် အရွက်တစ်ရွက်ထွက်လေ့ရှိ၍ အရွက်သုံးရွက်မှ ငါးရွက်အထိထွက်ကာ ငါးနှစ်အကြာ၌ ကျူးလစ်ပန်းကဲ့သို့ အပွင့်တစ်ပွင့် ပွင့်လေ့ရှိကြောင်း၊ ဂူရှားအပင်မှာ ခါကာဘိုရာဇီတောင်ထိပ်အနီး ကျောက်တုံးကျောက်ဆိုင်များအကြားတွင် ပေါက်ရောက်လေ့ရှိပြီး မြေပြင်သဘာဝနှင့်အညီ အပင်အရောင် ပြောင်းလဲတတ်သောကြောင့် အပင်ရှာဖွေသူများကို မျက်စိလှည့်စားတတ်လေ့ရှိကြောင်း၊ လက်သည်းခွံခန့်ရှိသော ဂူရှားဥတစ်ကီလိုလျှင် အမေရိကန်ဒေါ်လာ ၅၀၀ ခန့် ဈေးကွက်ဝင်လျက်ရှိ၍ ဂူရှားဥတစ်ကီလိုရရှိရန် ဂူရှားအပင်ပေါင်း ၃၅၀၀ ကျော်ခန့် စုဆောင်းမှသာရရှိလေ့ရှိကြောင်း သိရသည်။

**ညီမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ -ခါကာဘိုရာဇီအမျိုးသားဥယျာဉ်**

◆ *ရှေ့ဖုံးမှ*

စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများကို ပညာပေးစည်းရုံး ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်းစားသုံးဆီ ဖူလုံစေရန်အပြင် ပြည်ပမှ မှာယူတင်သွင်းခြင်းများကို လျှော့ချနိုင်ရန် ဒေသခံတောင်သူလယ်သမားများနှင့် ပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးဇော်က ပြောသည်။

**ဆီထွက်သီးနှံစုံလျာထားစိုက်ပျိုး**

ကန့်ဘလူမြို့နယ်၌ ဆောင်းသီးနှံများဖြစ်သည့် ဆီထွက်သီးနှံစုံလျာထားစိုက်ပျိုးမှုအနေဖြင့် မြေပဲ ၉၅၂၆၈ ဧက၊ နှမ်း ၉၆၇၁၆ ဧက၊ မုန်ညင်း ၅၆၃ ဧက၊ နေကြာ ၃၀၃၃ ဧကနှင့် ပန်းနှမ်း ၅၅၂၈ ဧက စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း (ကန့်ဘလူ)**

❍ *ရှေ့ဖုံးမှ*

ဈေးကွက်သို့ တင်ပို့ရောင်းချကြကြောင်းနှင့် ထိုင်းနိုင်ငံမှ ဆေးဝါးထုတ်လုပ်သည့် နေရာများနှင့် ဓာတ်မြေဩဇာထုတ်လုပ်သည့်နေရာများတွင် သုံးစွဲကြကြောင်းသိရသည်။

"ဆေးရွက်ကြီး စိုက်ပျိုးလာတာ ၁၅ နှစ်ထဲရှိပါပြီ။ ကျွန်တော်တို့ဆေးရွက်ကြီးပင်တွေကို စိုက်ပျိုးပြီးခြောက်လမှ ခုနစ်လအကြာမှာတော့ စတင်ပြီး အရွက်တွေကို နေ့စားငှားပြီး ခူးဆွတ်ကြပါတယ်။ အဲဒီနောက်မှာတော့ အရွက်ရွေးချယ်ပါတယ်။ ပြီးတော့ ဓားလှီးအခြောက်ခံပြီး ထိုင်းနိုင်ငံကို တင်ပို့ရောင်းချရပါတယ်"ဟု ဆေးရွက်ကြီး တောင်သူ ဦးထိန်ဝင်းက ပြောသည်။

"ဒီနှစ်မှာတော့ အရင်နှစ်ထက် ဈေးပိုရပါတယ်။ အရင်နှစ်ကတော့ လုပ်အားခနုတ်ပြီး တစ်ကီလိုဈေး ဘတ် ၂၀၀ ရတယ်။ အခုနှစ်ကတော့ အလုပ်သမားခ နုတ်ပြီး တစ်ကီလို ထိုင်းဘတ် ၂၅၀ ရလို့ ကျွန်တော်တို့တော်တော်လေး အဆင်ပြေပါတယ်" ဟု ၎င်းက ထပ်လောင်း ပြောကြားသည်။

အလုပ်သမားခအနေဖြင့် အမျိုးသမီးတစ်ဦး ထိုင်းဘတ် ၁၅၀၊ အမျိုးသား တစ်ဦး ထိုင်းဘတ် ၂၀၀ ထိပေးရပြီး ခူးဆွတ်ချိန်နှင့် လှီးဖြတ်အခြောက်ခံချိန်များတွင် လူငှားပြီး လုပ်ကိုင်ဆောင်ရွက်ကြောင်း၊ အမြတ်ငွေဘတ် ၅၀၀၀၀၀ ခန့် အလုပ်သမားခနုတ်ပြီး အမြတ်ကျန်ကြောင်း သိရသည်။

**ပိုပိုအောင် (စုကလိ)**

**ဓာတ်ပုံ-စိုးမို့မို့ဌေး (စုကလိ)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ပြည်ထောင်စုဝန်ကြီးများ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တက်ရောက်အားပေး

**နေပြည်တော် ဇန်နဝါရီ ၃၀**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိနည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ အားကစားရုံများ၌ ကျင်းပလျက်ရှိရာ ယနေ့တွင် ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားကြသည်။

**ကြည့်ရှုအားပေး**

ဆီမီးဖိုင်နယ်ပွဲစဉ်သို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများ၊ ကျောင်းသား ကျောင်းသူများ၊ အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**





နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ၁ ၌ မကွေးဇုန်နှင့် နေပြည်တော်ဇုန်တို့မှ ဘောလုံးအားကစားသမားများယှဉ်ပြိုင်ကစားကြရာ နေပြည်တော်ဇုန်က မကွေးဇုန်ကို သုံးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ညနေပိုင်းတွင် ကွင်း ၃ ၌ မိတ္ထီလာဇုန်နှင့် တောင်ကြီးဇုန်မှ ဘောလုံးအားကစားသမားများ ယှဉ်ပြိုင်ကစားကြရာ မိတ္ထီလာဇုန်က တောင်ကြီးဇုန်ကို သုံးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ပွဲစဉ်များအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ဘောလုံးအားကစားသမားများနှင့် ဒိုင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး အေလာတိုက်နယ်ဆေးရုံ၌ နေပြည်တော် ကုသရေးဦးစီးဌာနမှ ကွင်းဆင်းဆေးကုသပေးမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၃၀**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ နေပြည်တော် ကုသရေးဦးစီးဌာနမှ ဦးဆောင်၍ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀) နှင့် လယ်ဝေးမြို့နယ်(ခုတင်-၁၀၀) ဆေးရုံမှ အထူးကုဆရာဝန်များအဖွဲ့က ယနေ့နံနက်ပိုင်းတွင် (၂၅)ခုတင်ဆံ့ အေလာတိုက်နယ်ဆေးရုံ၌ အေလာအုပ်စုအတွင်းရှိ ကျေးရွာ ၁၁ ရွာမှ ဒေသခံပြည်သူများကို အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။



ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လာရောက်ဆေးကုသမှုခံယူသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်များ၊ အာဟာရဖြစ်စားသောက်ဖွယ်ရာများ ပေးအပ်ပြီး အထူးကုဆရာဝန်ကြီးများကို အမှတ်တရ သစ်သီးခြင်း ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ၂၅ ခုတင်ဆံ့ အေလာတိုက်နယ်ဆေးရုံအတွက် နေပြည်တော်ကောင်စီမှ လှူဒါန်းသည့် အလှူငွေကျပ် ၁၀ သိန်းကိုပေးအပ်ရာ အေလာတိုက်နယ် ဆေးရုံအုပ်ကြီး ဒေါက်တာဝဏ္ဏမျိုးထွဋ်က လက်ခံရယူသည်။

ယနေ့ အေလာအုပ်စုအတွင်းရှိ ကျေးရွာများမှ အထွေထွေရောဂါလူနာ ၉၆ ဦး၊ မျက်စိလူနာ ၁၀၅ ဦး၊ ခွဲစိတ် ၁၆ ဦး၊ အရိုးလူနာ ၆၆ ဦး၊ ကလေးလူနာ ၁၃ ဦး၊ သားဖွားမီးယပ်လူနာ ၁၀ ဦး၊ သွား လူနာ ၂၃ ဦး စုစုပေါင်းလူနာ ၃၂၉ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ပြီး လူနာ ၁၈ ဦးကို ဆေးရုံကြီးများသို့ လွှဲပြောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် လယ်ဝေးမြို့နယ် အေလာအုပ်စု ရွာသစ်ကျေးရွာရှိ နေပြည်တော်တိုင်း ဝိနည်းဓိုရ် ရပ်/ကျေးသံဃနာယကအဖွဲ့ အကျိုးတော်ဆောင် မန်ကျည်းတောကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကေသဝအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် လယ်ဝေးမြို့နယ် ရုံးပင်ကျေးရွာအနီး ရုံးပင်-အေးချမ်းသာ ဆက်သွယ်သော လမ်းပေါ်ရှိ စစ်တောင်းမြစ်ကူးတံတား ပေ ၈၄၀ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု **(အပေါ်ပုံ)**၊ နေပြည်တော်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ရုံးပင်-အောင်ချမ်းသာ တံတားချဉ်းကပ်လမ်း ၀ ဒသမ ၂၇၄ ကီလိုမီတာ အရှည်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ရုံးပင်ကျေးရွာအုပ်စုအနီး ၂၀၂၃-၂၀၂၄ ခုနှစ် အစေ့ထုတ်ပြောင်းသီးနှံ စပ်မျိုး မျိုးစေ့ထုတ်လုပ်ခြင်း ဧက ၄၀ တွင် Top Partner Co.,Ltd. ၏ ပြောင်းမျိုးစမ်းသပ်ကွက်သို့သွားရောက်၍ အစေ့ထုတ်ပြောင်းသီးနှံ စိုက်ပျိုးထားရှိမှုနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် နေပြည်တော်လမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်-မန္တလေးမြို့ရှောင်လမ်းပေါ်တွင် Thermo Plastic Paint ဆေးလိုင်းဆွဲခြင်းလုပ်ငန်း၊ လမ်းညွှန်၊ လမ်းအမှတ်အသားများ ဆောင်ရွက်ခြင်းလုပ်ငန်းနှင့် မြို့ရှောင်လမ်း ဘေးဝဲ/ယာတွင် အရိပ်ရသစ်ပင်များ သုံးတန်း စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**တံခွန်စိုက်ဆုဖလားပေးအပ်ချီးမြှင့်**

ဆက်လက်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းအားကစားခန်းမ၌ ကျင်းပသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် (၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး ခရစ်ကက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ တာဝန်ရှိသူများက အမျိုးသမီးခရစ်ကက်ပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆု၊ ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသည့် အသင်းများမှ အားကစားသမားများ၊ အမျိုးသားခရစ်ကက်ပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆု၊ ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသည့် အသင်းများမှ အားကစားသမားများကို တစ်ဦးချင်းဆုတံဆိပ်များ၊ ငွေသားဆုများ၊ တံခွန်စိုက်ဆုဖလားများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးအဆင့် မကျန်းမာသော မွေးကင်းစကလေးနှင့် ကလေးပေါင်းစည်းကုသခြင်းလုပ်ငန်း ဆရာဖြစ်သင်တန်းဖွင့်

**ပဲခူး ဇန်နဝါရီ ၃၀**

တိုင်းဒေသကြီးအဆင့် မကျန်းမာသော မွေးကင်းစကလေးနှင့် ကလေးပေါင်းစည်းကုသခြင်းလုပ်ငန်း (အသက်(၂)လမှ(၅)နှစ်အထိ) ဆရာဖြစ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက် နံနက်က ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီဟက မြန်မာနိုင်ငံ ကျန်းမာရေးကဏ္ဍတွင် ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စများအနက်မှ (၅)နှစ်အောက် ကလေးကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းသည် အရေးကြီးသော အခန်းကဏ္ဍဖြစ်ပြီး (၅)နှစ်အောက် ကလေးသေဆုံးမှုနှုန်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာသည့် အဓိကအညွှန်းကိန်းများတွင်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ကလေးငယ်များတွင် ရောဂါတစ်ခုဖြစ်လျှင် တစ်ခုထက်ပို၍ ဖြစ်တတ်သောကြောင့် ဤသင်တန်းတွင် မကျန်းမာသော ကလေးအား ရောဂါတစ်ခုချင်းအလိုက် ကုသမှုလမ်းညွှန်ထက် ကလေးတွင်ဖြစ်နေသော ကျန်းမာရေးပြဿနာအားလုံးကို လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း၊ (၅) နှစ်အောက်ကလေးများ ဆေးရုံဆေးခန်းရောက်လျှင် ခံစားနေရသော အဓိကရောဂါလက္ခဏာကိုသာ ပြေပြတတ်၍ အဆင့်မခွဲခြားနိုင်ပါက သေဆုံးမှုများနိုင်သောကြောင့် အဓိကအကြောင်းရင်းအပြင် ဆက်နွယ်နေသော အကြောင်းရင်းများကို သိရှိဖော်ထုတ်နိုင်ရန် မြို့နယ်အဆင့် ဆင့်ပွားသင်တန်းများကို ဆက်လက်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၂ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ကျန်းမာရေးဝန်ထမ်း သင်တန်းသား သင်တန်းသူ ၄၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သက်ထက်**

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာပေါင်း ၃၅ ရွာ စိုက်ပျိုးမြေ ၃၁၂၆ ဧကတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သမဝါယမစနစ် နွေစပါးစိုက်ပျိုးသွားမည်

**နေပြည်တော် ဇန်နဝါရီ ၂၀**

**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းက ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ရှားချောင်းကျေးရွာရှိ ကောင်းသစ်စိုက်ပျိုးရေးသမဝါယမအသင်း၌ အဆိုပါ သမဝါယမအသင်းနှင့် John Deere ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်း၍ John Deere ထွန်စက်များဖြင့် သမဝါယမလယ်ယာဝန်ဆောင်မှု သရုပ်ပြရှင်းလင်းပွဲသို့ တက်ရောက်သည်။**



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာပေါင်း ၃၅ ရွာ စိုက်ပျိုးမြေ ၃၁၂၆ ဧကတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သမဝါယမစနစ် နွေစပါးစိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့်ဘဏ္ဍာနှစ် နှစ်နှစ်အတွင်း ဒေဒေါင်းထွန်စက် ၁၃၅ စီး၊ ရိတ်သိမ်းခြွေလှေ့စက် တစ်စီး ပံ့ပိုးပေးခဲ့ပြီး စုစုပေါင်းလယ်ယာမြေ ၂၇၇၁၈ ဧကကို သက်သာသောနှုန်းထားဖြင့် ထွန်ယက်ပေးခဲ့သောကြောင့် သမဝါယမအသင်းသားတောင်သူများ အကျိုးများစွာ ရရှိခဲ့ပါကြောင်း၊ ယခုရာသီတွင် နေပြည်တော် သမဝါယမအသင်းပိုင် ထွန်စက် လေးစီး၊ နိုင်ငံတော်မှပံ့ပိုးထားသည့် ထွန်စက် ၂၁ စီးနှင့် John Deere ကုမ္ပဏီမှ ထွန်စက် တစ်စီး စုစုပေါင်းထွန်စက် ၂၆ စီးဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များအလိုက် ထွန်ယက်စိုက်ပျိုးပေးသွားမည်ဖြစ်၍ အသင်းသားတောင်သူများက နည်းစနစ်မှန်မှန်ဖြင့် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မိသားစုဝင်ငွေ တိုးပွားရေးတို့အတွက် အလေးထားကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက သမဝါယမအသင်းအဖွဲ့စနစ်ဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် Capital Automotive Limited မှ CEO က လယ်ထွန်စက်များ၏ စက်ပိုင်းဆိုင်ရာ စွမ်းဆောင်နိုင်မှုများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ကောင်းသစ်စိုက်ပျိုးရေး သမဝါယမအသင်းမှ အသင်းသားတောင်သူ တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကောင်းသစ်စိုက်ပျိုးရေးသမဝါယမအသင်းနှင့် John Deere ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်း၍ John Deere ထွန်စက်များဖြင့် သမဝါယမလယ်ယာဝန်ဆောင်မှု သရုပ်ပြထွန်ယက်နေမှုကို ကြည့်ရှုအားပေးသည်။ (ယာပုံ)

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ သွားရောက်ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကျည်တောင်ကန်ကျေးရွာ၊ ညောင်လူးကျေးရွာ၊ ကျောက်စရစ်ကုန်းကျေးရွာ၊ အေးမြင့်သာယာစံပြကျေးရွာ၊ ဗလောင်း(တောင်)ကျေးရွာ၊ ဝဲကြီးကျေးရွာနှင့် မွန်းတည့်ခွင်ကျေးရွာတို့တွင် ဖွင့်လှစ်ခဲ့သည့် အခြေခံမော်တော်ဆိုင်ကယ်ပြုပြင် ထိန်းသိမ်းနည်းသင်တန်း၊ အိမ်သုံးလျှပ်စစ်ပစ္စည်း အမျိုးမျိုးပြုပြင်ခြင်းသင်တန်း၊ စက်ချုပ်နည်းပညာသင်တန်း၊ ဝါးအခြေခံလက်မှုထည် ထုတ်လုပ်မှုနည်းပညာသင်တန်း၊ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းနှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းများ၏ သင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲသို့ တက်ရောက်သည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က အမှာစကားများ ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကျည်တောင်ကန်ကျေးရွာမှ ထူးချွန်သင်တန်းသား ငါးဦးအတွက် ဆိုင်ကယ်ပြင်ပစ္စည်းများဖြစ်သည့် အဲယားကွန်ပရက်ဆာ၊ ဖိအားမြှင့်ရေဖျန်းစက်၊ လက်သုံးကိရိယာများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ညောင်လူးကျေးရွာမှ ထူးချွန်သင်တန်းသား ငါးဦးအတွက် အိမ်သုံးလျှပ်စစ်ပြုပြင်ပစ္စည်းများဖြစ်သည့် လက်ကိုင်ကျောက်စက်၊ ကွန်ကရစ်ဖောက်စက်၊ အုမ်းတိုင်းကိရိယာစက်များကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင်များက ထူးချွန်သင်တန်းသား သင်တန်းသူများကို အပ်ချုပ်စက်များ၊ ခေးစက်များ၊ ဘီတင်စက်များ၊ Miter Saw စက်များနှင့် Sander စက်များကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးက ထူးချွန်သင်တန်းသား သင်တန်းသူများအား Digital ကတ္တားစက်များ၊ Digital Scale စက်များ၊ ရေခဲမုန့်ကြိတ်စည်များ၊ Freezer စက်များ၊ Blender စက်များ၊ အိမ်သုံးလျှပ်စစ်ပြုပြင်ပစ္စည်း Tool Box များကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးက ကျေးရွာ ခုနစ်ရွာမှ သင်တန်းသား သင်တန်းသူများထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မကြာမီဖွင့်လှစ်တော့မည့် သန်လျင်တံတား အမှတ် - ၃ ကြောင့် သန်လျင်မြို့နယ်၌ အိမ်ခြံမြေဈေးပိုကောင်းလာနိုင်

**ရန်ကုန် ဇန်နဝါရီ ၂၀**

မကြာမီ ဖွင့်လှစ်တော့မည့် သန်လျင်တံတား အမှတ် - ၃ ကြောင့် သန်လျင်မြို့နယ်တွင် အိမ်ခြံမြေဈေး ပိုကောင်းလာနိုင်ကာ အရောင်းအဝယ်သွက်နေကြောင်း အဆိုပါမြို့နယ်ရှိ အိမ်ခြံမြေရောင်းဝယ်ရေးအသိုင်းအဝိုင်းများထံ မေးမြန်းထားသည့် အချက်အလက်များအရ သိရသည်။



"သန်လျင်တံတားက ပြီးတော့မယ်လေ။ တံတားပြီးရင်တော့ သန်လျင်မှာ မြေဈေးက ကောင်းလာတော့မယ်။ ကျွန်တော်တို့ သန်လျင်မှာ ဖြစ်နေတဲ့ပြဿနာက တံတားပိတ်နေတဲ့ ပြဿနာ။ တကယ်တော့ သန်လျင်က မြို့ထဲနဲ့လည်း နီးတယ်။ သွားရေးလာရေး အဆင်ပြေတယ်။ အခု တံတားဖွင့်လာရင် လူနေထိုင်မှုလည်း စည်ကားလာမယ်။ အဲဒါတွေပြီးရင် ဈေးက ကောင်းလာမှာ ဆိုတော့ အခုချိန် ဝယ်ထားရင် ပိုကောင်းတယ်" ဟု မျိုးသက် သန်လျင်အိမ်ခြံမြေရောင်းဝယ်ရေးမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

တံတားကြီးပြီးလျှင် ဈေးကောင်းမည်ဟု ခန့်မှန်းထားသော်လည်း လက်ရှိတွင် သန်လျင်မြို့နယ်ရှိ အိမ်ခြံမြေဈေးနှုန်းများမှာ သင့်တင့်နေသေးကြောင်းလည်း စုံစမ်းသိရှိရသည်။

"တံတားလည်း ပြီးတော့မယ် ဆိုတော့သန်လျင်ဘက်ကအရောင်းအဝယ်တွေ သွက်လာတယ်။ ဘာလို့လဲဆိုတော့ တခြားမြို့နယ်တွေနဲ့ယှဉ်ရင် ဈေးက သင့်တင့်နေသေးတယ်။ အခု ဒဂုံဆိပ်ကမ်းတို့၊ တောင်ဒဂုံတို့၊ အရှေ့ဒဂုံတို့ထက်စာရင် သန်လျင်က ဈေးသိပ်မတက်သေးဘူး။ တခြားမြို့နယ်တွေထက်စာရင် ဈေးသိပ်မကြီးသေးဘူး။ ပေ ၄၀x၆၀ မှာ တစ်ထောင်၊ ထောင့်တစ်ရာ လောက်ရနေသေးတယ်" ဟု အထက်ပါတာဝန်ရှိသူက ဆိုသည်။

ထို့ပြင် သီလဝါအထူးစီးပွားရေးဇုန်ကို အကြောင်းပြုပြီး ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းများ တိုးပွားလာမှုကြောင့် ရန်ကုန်မြို့အပါအဝင် ရန်ကုန်တောင်ပိုင်းခရိုင် မြို့နယ်များဖြစ်သည့် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွဒေသ၏ အိမ်ခြံမြေဈေးများလည်း မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

**သစ်တော်**

## မန္တလေးအငွေ့အသက် ပန်းချီပြပွဲ ကျင်းပမည်

**မန္တလေး ဇန်နဝါရီ ၂၀**

ဝါရင့်ပန်းချီ ဆရာ ၁၂ ဦး ပါဝင်ပြသကြမည့် မန္တလေး အငွေ့အသက် (Mandalay Atmosphere )ဟု အမည်ပေးထားသော ပန်းချီအနုပညာပြပွဲကို ဖေဖော်ဝါရီ ၃ ရက်မှ ၅ ရက်အထိ မန္တလေး အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတောင်ပန်းချီအနုပညာပြခန်း(Mandalay Hill Art Gallery)၌ ကျင်းပမည်ဖြစ်သည်။

ပြပွဲတွင် ဝါရင့်ပန်းချီဆရာများဖြစ်သည့် ဆရာ စန္ဒေဘာသ၊ ဆရာ ခင်မောင်ညို၊ ဆရာ သာဆိုင်၊ ဆရာမြင့်ထွန်း(MDY)၊ ဆရာ မြင့်ထွန်း(POL)၊ ဆရာလှသန်း၊ ဆရာ စိုးငြိမ်း၊ ဆရာသန်းအောင်၊ ဆရာ အောင်အောင်၊ ဆရာဝေလီလင်း၊ ဆရာထွန်းထွန်း၊ ဆရာသုတတို့ ပါဝင်ပြသမည်ဖြစ်ပြီး ရေဆေးနှင့်အခရိုက်လစ်အမျိုးအစား ပန်းချီကား ၁၀၀ ကျော်ပြသမည်ဖြစ်ပြီး နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ပြသထားမည်ဖြစ်သည်။

**ခင်ခင်ဝင်း(ပညာရေး)**



ဆင်ပေါင်ဝဲမြို့နယ်တွင် ကျောင်းအခြေပြု မီးဘေးလုံခြုံရေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်မှုများဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၃၀ ရက်က အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ မြို့နယ် ဒုတိယမီးသတ်ဦးစီးမှူး ဦးသန့်ဇင်ဖြိုးက အသိပညာပေးဟောပြောပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျောင်းသား ကျောင်းသူများ ပူးပေါင်း၍ မီးသတ်ဆေးဘူးအသုံးပြု၍မီးငြိမ်းသတ်ခြင်းသရုပ်ပြလေ့ကျင့်စဉ်။ မြို့နယ်(ပြန်/ဆက်)

# တိရစ္ဆာန်ဆေးကုသိပ္ပံဒီပလိုမာ တစ်နှစ်သင်တန်း ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းအောင်မြင်ပြီးမြောက်ပါက တိရစ္ဆာန်ဆေးကုဒီပလိုမာ (Dip.V.Sc) ဘွဲ့ကို ပေးအပ်ချီးမြှင့်မည်

နေပြည်တော် ဇန်နဝါရီ ၃၀

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ဇန်နဝါရီ ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လေ့ကျင့်သင်ကြားရေး ဆေးရုံလုပ်ငန်းနှင့် တိရစ္ဆာန်ဆေးကုသိပ္ပံ ဒီပလိုမာသင်တန်းအတွက် သင်ရိုးညွှန်းတမ်းများ၊ သင်ကြားမှုအထောက်အကူပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှု၊ စာသင်ခန်း၊ အိပ်ခန်းနှင့် ထမင်းစားဆောင်များ ပြင်ဆင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။**



မွေးမြူရေး ကဏ္ဍအတွက် ကျွမ်းကျင်သော လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် တိရစ္ဆာန်ဆေးကုသိပ္ပံ ဒီပလိုမာ တစ်နှစ်သင်တန်းကို ဖွင့်လှစ်သွားမည်ဖြစ်ရာ အဆိုပါ သင်တန်း အောင်မြင်ပြီးမြောက်ပါက တိရစ္ဆာန်ဆေးကုဒီပလိုမာ (Dip.V.Sc) ဘွဲ့ကို ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း၊ သိပ္ပံဘွဲ့ရရှိထားသူ ဌာနတွင်းမှ သင်တန်းသား ၂၀ နှင့် သိပ္ပံဘွဲ့ရရှိထားသူ ပြင်ပသင်တန်းသား ၄၀ တို့ တက်ရောက်နိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန တိရစ္ဆာန်ဆေးဝါး ထုတ်လုပ်ရေးနှင့် ရောဂါထိန်းချုပ်ရေးဌာနခွဲ၊ တိရစ္ဆာန်ကာကွယ်ဆေး ထုတ်လုပ်ရေးဌာနစု၊ ဗက်တီးရီးယား ဌာနစိတ်၏ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ဆေး ထုတ်လုပ်နိုင်မှုလုပ်ငန်းများ၊ ရောဂါထိန်းချုပ်နိုင်မှု အခြေအနေနှင့် သုတေသနဆိုင်ရာ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

**တွေ့ဆုံဆွေးနွေး**

ထို့နောက် ဒုတိယဝန်ကြီးသည် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးတွင် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ခိုင်းကျွဲ၊ ခိုင်းနွား မျိုးကောင်းများ ထုတ်လုပ်မွေးမြူ ထိန်းသိမ်းရန်၊ တိရစ္ဆာန်ကောင်ရေ အရင်းအမြစ်များ မပြုန်းတီးစေရေးနှင့် တိုးပွားရေးအတွက် ဒေသ ရေမြေရာသီဥတုနှင့် ကိုက်ညီသည့် မျိုးရိုးဗီဇရှိ တိရစ္ဆာန်များ ဖော်ထုတ်ထိန်းသိမ်းရန်၊ ကျေးလက်ဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများအထိ အားပေးမြှင့်တင်ဆောင်ရွက်ရန်၊ တိရစ္ဆာန်ရောဂါကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် သာကေတစက်မှုဇုန်ရှိ မြန်မာရွှေဇာမဏီ ကုမ္ပဏီလီမိတက်၏ ငါးမုတ်၊ ငါးတံခွန်၊ ငါးသင်းဝါ၊ ငါးရွှေ၊ ငါးခွေးရှာနှင့် ငါးခေါင်းပွငါးများ အေးခဲထုတ်လုပ်မှုနှင့် ပြည်ပသို့တင်ပို့မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတကာဈေးကွက်တွင် အကောင်းဆုံးထုတ်ကုန်များ တင်ပို့နိုင်ရန် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးမြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ သင်တန်းပေးလေ့ကျင့်၍ ကျွမ်းကျင် စက်ရုံလုပ်သားများ ပျိုးထောင်ရန် လိုအပ်ချက်များကို တာဝန်ရှိသူများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းနှင့် ကျောင်းဝင်ကြေး၊ ကျောင်းလခပေးသွင်းခြင်းတို့ကို အွန်လိုင်းမှ ချိတ်ဆက်ဆောင်ရွက်ရေးဦးစီးကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၀**

တက္ကသိုလ်ကျောင်းသားကျောင်းသူများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်း (Registration) နှင့် ကျောင်းဝင်ကြေး၊ ကျောင်းလခပေးသွင်းခြင်း (Online/ Mobile Payment) တို့ အွန်လိုင်းမှ ချိတ်ဆက်ဆောင်ရွက်ရေးဦးစီးကော်မတီ အစည်းအဝေးကို နေပြည်တော် ရုံးအမှတ်(၁၃) ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှဦးစီးကော်မတီဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**ဝိုင်းဝန်းပူးပေါင်း**

ဦးစွာ ဒုတိယဝန်ကြီးက တက္ကသိုလ်ကျောင်းသားကျောင်းသူများ၏ နေ့သင်တန်းကျောင်းအပ်ကာလကို ဖေဖော်ဝါရီ ၁၅ ရက်အထိလည်းကောင်း၊ အဝေးသင်သင်တန်း ကျောင်းအပ်ကာလကို ဖေဖော်ဝါရီ ၂၉ ရက်အထိ လည်းကောင်း လက်ခံဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ ကျောင်းဝင် မှတ်ပုံတင်ခြင်း (Registration) နှင့် ကျောင်းဝင်ကြေး၊ ကျောင်းလခပေးသွင်းခြင်းတို့ အွန်လိုင်းမှချိတ်ဆက်ဆောင်ရွက်ရေး Application/Software Porgram ရေးသားပြီးစီးမှုအခြေအနေကို တင်ပြ၍ ဝိုင်းဝန်းဆွေးနွေးပေးစေလိုပါကြောင်း၊ Data အချက်အလက်များ လုံခြုံရေးကို အလေးထားစေလိုပါကြောင်း၊ ပညာရေးဝန်ကြီးဌာနရှိ သင်ကြား၊ စီမံဝန်ထမ်းများ၏ Data အချက်အလက်များကို ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်တွင် ထည့်သွင်းထားရှိပါကြောင်း၊ တစ်ဖက်တွင်လည်း ကျောင်းအပ်ခြင်းအတွက် အွန်လိုင်းမှ ကျောင်းသား မှတ်ပုံတင်ခြင်း - Online Student Registration စနစ် တည်ဆောက်ပြီးပါက ကျောင်းသား ကျောင်းသူဆိုင်ရာ အချက်အလက်များကို လွယ်ကူလျင်မြန်စွာ ထည့်သွင်းကာ အွန်လိုင်းမှ ကျောင်းဝင်ကြေး၊ ကျောင်းလခ ပေးသွင်းနိုင်သဖြင့် ကျောင်းသား ကျောင်းသူများအတွက်အချိန်ကုန်လူပန်းသက်သာစေမည်ဖြစ်ပါကြောင်း၊ ယခုလုပ်ငန်းစဉ်၏ အန္တိမရည်မှန်းချက်မှာ တက္ကသိုလ်များတွင် School Management System တည်ဆောက်အသုံးပြုပြီး ကျောင်းသားပညာအရည်အသွေး တိုးတက်မှု မှတ်တမ်းမှစ၍ ဘွဲ့ရပြီးနောက် အလုပ်အကိုင်ရရှိမှု အခြေအနေအထိ မှတ်တမ်းထားသည့်စနစ်ကို အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ရရှိလာသည့် အချက်အလက်များ အပေါ်မူတည်၍ ပံ့ပိုးဆောင်ရွက်ရမည့် ကဏ္ဍများကို လေ့လာဆန်းစစ်ခြင်းဖြင့် ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သဖြင့် အားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ဆက်လက်၍ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ရှင်းလင်းပြောကြားပြီး ဦးစီးကော်မတီဝင်များနှင့် လုပ်ငန်းအဖွဲ့ဝင်များက ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တင်ပြကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မအူပင်မြို့နယ် အားမာန်လယ်ယာနှင့် အထွေထွေသမဝါယမအသင်းသို့ တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

**မအူပင် ဇန်နဝါရီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ရေလဲကလေးကျေးရွာ အားမာန်လယ်ယာနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသား ၁၅၀ ၏ လယ်မြေဧက ၃၀၀ တွင် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ငွေကျပ်သိန်း ၆၀၀ ပံ့ပိုးငွေရယူ၍ နွေစပါး၊ မတ်ပဲစိုက်ပျိုးထားရှိမှုနှင့် အသင်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ပခုက္ကူမြို့၌ ပြည်ထောင်စုနေ့အကြို ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲပြုလုပ်

**ပခုက္ကူ ဇန်နဝါရီ ၃၀**

ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ပခုက္ကူမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ဇန်နဝါရီ ၂၇ ရက်က ပြုလုပ်သည်။

ဟောပြောပွဲတွင် ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချိုချိုမာက ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံသမိုင်း၊ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ၊ ဦးစီးအရာရှိ ဦးမျိုးမြင့်အောင်က ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်တို့၏ အဓိပ္ပာယ်များ၊ လွတ်လပ်ရေးနှင့် ပြည်ထောင်စုကြီးအဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သင့်သည့် အကြောင်းအရာများကို ရှင်းလင်းဟောပြော၍ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြည်ထောင်စုနေ့နှင့် ပတ်သက်သည့် အသိပညာပေးနံရံကပ်စာစောင်များပြသကာ ကျောင်းသားကျောင်းသူများက လေ့လာကြည့်ရှုကြသည်။

**ဘာမီသာ(ပခုက္ကူ)**

# ရခိုင်ပြည်နယ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**စစ်တွေ ဇန်နဝါရီ ၂၀**

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နေ့လယ်ပိုင်းက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်ဦးထိန်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများတက်ရောက်ကြသည်။

ညှိနှိုင်း အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ရခိုင်ပြည်နယ် စစ်တွေမြို့တွင် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ စနစ်တကျဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ဖြစ်ကြောင်း၊ ကော်မတီများတွင် တာဝန်ပေးအပ်ခြင်း ခံရသည့် ဌာနဆိုင်ရာများအနေဖြင့် အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်ပေးကြရန်နှင့် ကော်မတီဥက္ကဋ္ဌများ အနေဖြင့်လည်း မိမိတို့ကော်မတီ၏လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန် စဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားအား ခမ်းခမ်းနားနား၊ သိုက်သိုက်ဝန်းဝန်းနှင့် အေးချမ်းစွာ ကျင်းပနိုင်ရန်အတွက် သက်ဆိုင်ရာ ကော်မတီများ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများက လုံခြုံရေး အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ပြီး စနစ်တကျ စီမံဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန် ပေးအပ်ထားသည့် ကော်မတီဖွဲ့စည်းမိန့်အား ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ရှင်းလင်းတင်ပြပြီး လုပ်ငန်းကော်မတီအတွင်းရေးမှူးများက ကော်မတီအလိုက် အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များ အပေါ် ပြည်နယ် အစိုးရအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပြန်လည်ဆွေးနွေး ပေးကြောင်း သိရသည်။



**တင်ထွန်း(ပြန်/ဆက်)**

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခြိကလေး-ရွှေမြင့်ကုန်းလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်

**ဘားအံ ဇန်နဝါရီ ၂၀**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဘားအံမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်သော ခြိကလေး - ရွှေမြင့်ကုန်းလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ခြိကလေးကျေးရွာရှိ အဆိုပါလမ်းမုခ်ဦးတည်နေရာ၌ ကျင်းပသည်။

လမ်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယနေ့ဖွင့်လှစ်သောလမ်းသည် ကရင် - မွန်ပြည်နယ်ချင်းဆက်လမ်းဖြစ်သော ဘားအံ-ဇာသပြင်အဖြောင့်လမ်းကို ချိတ်ဆက်ထားသည့်လမ်းဖြစ်သည့်အတွက် ပြည်နယ်နှစ်ခုလုံးသို့ ထုတ်ကုန်စီးဆင်းနိုင်သည့် အဓိကလမ်းလည်းဖြစ်ကာ ကျေးလက်နေပြည်သူများ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍများ ပြည့်စုံကောင်းမွန်ပြီး ကျေးလက်ထုတ်ကုန်များ ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အမြန်ဆုံးရောက်ရှိခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များ အဆင်ပြေချောမွေ့ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ခြင်း၊ မိသားစုတစ်ဦးချင်းဝင်ငွေများတိုးတက်လာခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးစောကျော်ဝင်းက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျေးလက်နေပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ညွှန်ကြားရေးမှူး(မြို့ပြ)က လမ်းဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်များ



ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ခြိကလေး - ရွှေမြင့်ကုန်းလမ်း ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းဖွင့်ပွဲသို့ တက်ရောက်လာသောယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်၍ လမ်းကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ခြိကလေး - ရွှေမြင့်ကုန်းလမ်း ကွန်ကရစ်လမ်းသစ်ကို ပြည်နယ်အစိုးရအဖွဲ့၏ဦးဆောင်ညွှန်ကြားမှုဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေ ၂၉၉ ဒသမ ၆၇၈ သန်းဖြင့် ၁၄ ပေ အကျယ်ကွန်ကရစ်လမ်း ၆ ဒသမ ၅ ဖာလုံ၊ ငါးပေ အကျယ် Box Culvert တစ်စင်းတို့ကို ဘားအံမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပြီးစီး၍ ယနေ့ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကရင် - မွန်ပြည်နယ်ချင်းဆက်လမ်းဖြစ်သော ဘားအံ - ဇာသပြင် အဖြောင့်လမ်းမကြီးဘေးရှိ တောင်သူ ဦးနိုင်ဝင်းအောင်၏ ကာကီကင်းဘဲကောင်ရေ ၁၃၇၀၀ နှင့် တောင်သူ ဒေါ်မိကြည်သန်း၏ အသားတိုးဝက် အကောင် ၂၀၀ မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာတင်နွယ်ရီက ဘားအံမြို့နယ် ဇာသပြင်အနောက်ကျေးရွာရှိ မြေဧရိယာ ၂၈ ဒသမ ၅ ဧကပေါ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေရယူ၍ ဥစားဘဲနှင့်အသားတိုးဝက်မွေးမြူထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဒေသတွင်းစားရေရိက္ခာဖူလုံပိုလျှံရေးအတွက် လက်ရှိမွေးမြူသည့်အကောင်ရေထက် ပိုမိုတိုးတက်မွေးမြူထုတ်လုပ်ကြရန်၊ တိရစ္ဆာန်အစာကို ကိုယ်တိုင်ထုတ်လုပ်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားရန်၊ တောင်သူများတင်ပြသည့် ငါး၊ စပါးစိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို အကောင်အထည်ဖော်နိုင်ရန် မြေပြင်ကွင်းဆင်းစိစစ်တိုင်းတာ၍ပြန်လည်တင်ပြပေးကြရန် မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဥစားဘဲခြံများနှင့် အသားတိုးဝက်မွေးမြူရေးခြံများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘားအံ- ဇာသပြင်အဖြောင့်လမ်းမကြီးဘေး တောင်သူကုန်းကျေးရွာအုပ်စုတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဦးစောအောင်မြင့်တင်၏ အစုအဖွဲ့ဖြင့်ဆောင်ရွက်လျက်ရှိသော ငါးမွေးကန် ခုနစ်ကန် ဧရိယာ ၇၄ ဒသမ ၈ ဧကတွင် ငါးတန်၊ ငါးမုတ်၊ တီလားပီးယား၊ ငါးမြစ်ချင်း၊ ငါးကြင်းရွှေဝါ အစရှိသောငါးမျိုးများ မွေးမြူထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစုံမိုင်းက ငါးမွေးကန်များအလိုက် မွေးမြူဆောင်ရွက်ထားမှုအခြေအနေ၊ ငါးမွေးကန်များ ဆက်လက်တူးဖော်မွေးမြူမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားကာ အဆိုပါငါးမွေးကန်များအား လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း သန်လျင်မြို့နယ် ရုံးခန်းသစ်ဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၂၀**

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှု အသင်း သန်လျင်ခရိုင် သန်လျင်မြို့နယ် ရုံးခန်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၈ ရက်က သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက် ကျိုက်ခေါက်ဘုရားလမ်းအမှတ် (A-3) ရှိ အဆောက်အအုံ၌ ကျင်းပရာ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှု အသင်း (ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါ်မိုးမိုးထွန်း၊ ဗဟိုအထွေထွေ အတွင်းရေးမှူး ဦးမျိုးမြင့်အောင်နှင့် ရန်ကုန်တိုင်းဥက္ကဋ္ဌ ဒေါ်မြတ်မိုမို တို့က အမှာစကား ပြောကြားသည်။



ဆက်လက်၍ သန်လျင်မြို့နယ်ဥက္ကဋ္ဌ ဦးခိုင်ထူးက ရုံးခန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အသင်းရုံးခန်းနှင့် အသင်းဆိုင်းဘုတ်တို့ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

**မျိုးမင်းသူရ**



ကျောက်တန်းမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ဝင်း ဦးစီး အရန်မီးသတ်များ ပါဝင်သောပူးပေါင်းအဖွဲ့ ကျောက်တန်းမြို့ စံချိန်မီရပ်ကွက်အတွင်း ဇန်နဝါရီ ၂၉ ရက်က မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးဆောင်ရွက်စဉ်။ ၂၀၉

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇန်နဝါရီ ၂၀**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကိုကိုးကျွန်းမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ ကျိုက်လတ်မြို့တွင် ၁ ဒသမ ၁၅ လက်မ၊ ကျိုက္ခမီမြို့တွင် ၀ ဒသမ ၇၉ လက်မ၊ မုဒုံမြို့တွင် ၀ ဒသမ ၇ လက်မနှင့် ရေးမြို့တွင် ၀ ဒသမ ၃၉ လက်မတို့ဖြစ်ကြသည်။

**မိုး/ဇလ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## မွန်ပြည်နယ်သည် မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ပျိုးမှု အများဆုံးဒေသတစ်ခုဖြစ်ပြီး ၂၀၂၂-၂၀၂၃ ခုနှစ်တွင် စိုက်ကေပေါင်း ၅၀၄၉၈၈ ဧက စိုက်ပျိုးနိုင်ခဲ့



**မော်လမြိုင် ဇန်နဝါရီ ၃၀**

မြန်မာ့ရော်ဘာထုတ်လုပ်မှုနှင့် ဈေးကွက်ဝင်ရောက်မှု မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ Royal Mawla-myine Hotel ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်သည် မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ပျိုးမှု အများဆုံးဒေသတစ်ခုဖြစ်ပြီး ၂၀၂၂-၂၀၂၃ ခုနှစ်တွင် စိုက်ကေပေါင်း ၅၀၄၉၈၈ ဧက စိုက်ပျိုးနိုင်ခဲ့သည့်အတွက် တစ်နိုင်ငံလုံး ရော်ဘာစိုက်ပျိုးမှု၏ ၃၀ ဒသမ ၈၉ ရာခိုင်နှုန်း ရှိပြီး နှစ်စဉ်ထွက်ရှိလာသည့် ရော်ဘာများကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် တရုတ်နှင့် ထိုင်းနိုင်ငံသို့ အဓိကတင်ပို့ရောင်းချနေကြကြောင်း၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်သည့် ခြံရှင်များ၊ လုပ်ငန်းရှင်များအနေဖြင့် အလုပ်ရုံဆွေးနွေးပွဲကနေ ရော်ဘာစိုက်ပျိုးမှု၊ ထုတ်လုပ်မှုနှင့် ရော်ဘာစံချိန်စံညွှန်း စသည်တို့ကို ကျွမ်းကျင်ပညာရှင်များက မျှဝေပေးသည့် အတွေ့အကြုံ ဗဟုသုတနည်းပညာများကို သေချာစွာ လေ့လာမှတ်သားပြီး ဆောင်ရွက်သွားစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ထိန်လင်းက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ချောင်းဆုံမြို့နယ် ကမာကေးကျေးရွာရှိ ကွင်းအမှတ်(၇၄၄)လယ်ယာမြေ၌ ပဲမျိုးစုံစိုက်တောင်သူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ချောင်းဆုံမြို့နယ် ဦးစီးမှူးက ၂၀၂၃-၂၀၂၄ ခုနှစ် နွေစပါးနှင့် ဆောင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက တက်ရောက်လာသော တောင်သူများကို ရွက်ဖျန်းမြေဩဇာများ ထောက်ပံ့ပေးအပ်ပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များပေါ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆောင်းသီးနှံ(ပဲတီစိမ်း+မတ်ပဲ)စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ချောင်းဆုံမြို့နယ် ကော့မုပွန်ကျေးရွာရှိ ကွင်းအမှတ်(၆၃၅)လယ်ယာမြေသို့ရောက်ရှိပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ရွက်ဖျန်းမြေဩဇာများ ထောက်ပံ့ပေးအပ်ခဲ့ပြီး မြေပဲနှင့်မတ်ပဲ ဆောင်းသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများကို လိုက်လံကြည့်ရှုအားပေးကြောင်းသိရသည်။

သက်နိုင်(မော်လမြိုင်)

## အင်ဂျင်ဝိုင်အဟောင်းနှင့်စားသုံးဆီအဟောင်းများကိုသုံးနိုင်သည့် မီးဖိုကို ကျိုင်းတုံမြို့တွင် ကိုယ်ပိုင်ဒီဇိုင်းဖြင့် ထုတ်လုပ်နေပြီး လူစိတ်ဝင်စားမှုများပြား

**ရန်ကုန် ဇန်နဝါရီ ၃၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၌ ကိုယ်ပိုင်ဒီဇိုင်းဖြင့် တီထွင်ဖန်တီးထားသည့် အင်ဂျင်ဝိုင်အဟောင်းနှင့် စားသုံးဆီအဟောင်းများသုံးနိုင်ကာ ဂက်စ်လုံးဝအသုံးပြုရန်မလိုဘဲ ဂက်စ်မီးဖိုကဲ့သို့ မီးတောက်နိုင်သော မီးဖိုကို လူစိတ်ဝင်စားကာ ဝယ်ယူမှုများနေကြောင်း သိရသည်။



ပြည်ပသို့ခရီးသွားစဉ် အလားတူတီထွင်ဖန်တီးထားမှုကိုတွေ့ရှိခဲ့၍ ကိုယ်တိုင်စမ်းသပ်တီထွင်ခဲ့ရာမှ လူသိများလာခဲ့ကြောင်း၊ မိသားစု၏တစ်နိုင်တစ်ပိုင် စီးပွားရေးအဖြစ် လုပ်ကိုင်လျက်ရှိကြောင်း Soe Lin ဆီအဟောင်းသုံး မီးဖိုနှင့် မီးဖိုအမျိုးမျိုးထုတ်လုပ်ရေးမှ ကိုအောင်စိုးလင်းက ပြောကြားသည်။

"သူက ဆီအဟောင်းတွေနဲ့ သုံးရတာ။ အင်ဂျင်ဝိုင်အဟောင်း၊ စားတဲ့ ဆီအဟောင်းတွေကို လောင်စာအဖြစ်သုံးထားတဲ့ မီးဖိုပါ။ စားတဲ့ဆီအဟောင်းဆိုတာက ဝက်ဆီ၊ ကြက်ဆီ စားတဲ့ဆီမှန်သမျှ အကုန်ရတယ်။ စားတဲ့ဆီ ပုံမှန်မီးမလောင်ပေမယ့် မီးဖိုခွက်ထဲမှာ ထည့်ထားတဲ့ပစ္စည်းကြောင့် စားဆီက မီးလောင်သွားတာ။ အင်ဂျင်ဝိုင် အဟောင်းသုံးမယ်ဆိုရင် မီးသတ်လိုက်တဲ့အချိန်မှာ အနည်းဆုံး ၁၀ စက္ကန့်၊ ၁ မိနစ်လောက် ညှော်နံ့နည်းနည်း ထွက်တယ်။ လေဝင်လေထွက်ကောင်းတဲ့နေရာတွေမှာ သုံးသင့်ပါတယ်။ ချက်ပြုတ်နေချိန်အနံ့မထွက်ဘူး။ အခုလက်ရှိမှာ ဝယ်တဲ့သူကများတယ်။ အခု အော်ဒါတင်ထားတာတောင် အလုံး ၁၀၀ လောက်ရှိတယ်။ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ဘက်မှ ဝယ်သူတွေများတယ်" ဟု ၎င်းကဆိုသည်။

အဆိုပါမီးဖိုကိုအသုံးပြုတော့မည်ဆိုပါက ဆီတိုင်ကီထဲသို့ အင်ဂျင်ဝိုင်အဟောင်း သို့မဟုတ် စားသုံးဆီအဟောင်းကို ဦးစွာထည့်ပြီး ဆီတိုင်ကီအောက်က ဘားကို ဖွင့်ပါက မီးဖိုအတွင်းဆီရောက်ကာ ဆီရောက်ပါက ဘားကိုပိတ်ပြီး မီးဖိုကိုမီးမွှေးကာ အသုံးပြုနိုင်ကြောင်း၊ မီးအပူကို ထိန်းရန် ပန်ကာငယ်တစ်ခုကို တပ်ဆင်ထားကာ ပန်ကာကို မီးပျက်သည့်အချိန်တွင် Power bank သို့မဟုတ် Battery တို့ဖြင့် ချိတ်ဆက်၍ အသုံးပြုနိုင်ကြောင်း သိရသည်။

မီးဖိုတွင်အသုံးပြုသည့်ပစ္စည်းအချို့မှာ ပြည်ပမှဝယ်ယူရ၍ ယွမ်ဈေး၊ ဘတ်ဈေး အတက်၊ အကျရှိသောကြောင့် ဈေးနှုန်းပုံသေသတ်မှတ်၍မရဘဲ လက်ရှိတွင် အိမ်သုံးအဖြစ် သုံးနိုင်မည့် မီးဖိုဈေးနှုန်း မှာ ကျပ်၁၆၀၀၀၀ မှ စ၍ ကျပ်၂၅၀၀၀၀၊ ကျပ် ၃၀၀၀၀၀၊ ကျပ် ၃၅၀၀၀၀၊ ကျပ် ၄၀၀၀၀၀ အထိရှိကြောင်း သိရသည်။

"အင်ဂျင်ဝိုင်ကို မီးရှို့လိုက်ရင် မီးခိုးတွေထွက်လာပြီး မီးဖိုရဲ့ အပူချိန်က အတော်မြင့်တက်သွားတယ်ဆိုတော့ မီးဖိုရဲ့ အပူချိန်ညှိဖို့အတွက် ပန်ကာထည့်လိုက်တာ။ ပန်ကာထည့်လိုက်တော့ အပူချိန်ကို နည်းနည်းလျှော့ချတာ။ ပန်ကာကိုလည်း တရုတ်မှာ ကိုယ်တိုင်သွားဝယ်တာ။ အဲဒါကြောင့် ဈေးပုံမှန်သတ်မှတ်လို့ မရပါဘူး" ဟု ၎င်းက ဆိုသည်။

အဆိုပါမီးဖိုကို အသုံးပြုမည်ဆိုပါက မီးဖိုထဲသို့ ရေကျလျှင် ဆီပူထဲရေကျသည့် သဘောသက်ရောက်ကာ ငရဲမီးကဲ့သို့ မီးထတောက်တတ်သဖြင့် ရေမကျရန် သတိပြုရမည်ဖြစ်ကြောင်း သိရသည်။

MT

## သုံးခွမြို့နယ်တွင် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေး ကျင့်စဉ်သင်တန်းဖွင့်

**သုံးခွ ဇန်နဝါရီ ၃၀**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံးတွင် ဇန်နဝါရီ ၂၉ ရက်က ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေး ကျင့်စဉ် ( GAqP)သင်တန်းဖွင့်လှစ်သည်။ အခမ်းအနားတွင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းအောင်က အမှာစကားပြောကြားပြီး သန်လျင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်နွေးနွေးမြင့်သိန်းက ငါးမျိုးစိုက်ထည့်ခြင်းနှင့် အသိပညာပေးသင်တန်းများ ဖွင့်လှစ်မှု ရှင်းလင်းပြောကြားသည်။ သင်တန်းကို သုံးရက်ကြာပို့ချပေးမည်ဖြစ်ပြီးကျေးရွာ ၁၀ ရွာမှ ငါးမွေးမြူရေးသင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်သည်။

ကိုကျော်(သုံးခွ)

# ပြည်တွင်းရေးကို စွက်ဖက်လာသော ပြည်ပမီဒီယာ ...

ဇင်ငြိမ်း

**လူမှုပေါင်းသင်းဆက်ဆံရေးမှာ မိတ်ဆွေကောင်းနဲ့ မိတ်ဆွေတုဆိုတာ လွန်စွာအရေးကြီးပါတယ်။ မိတ်ဆွေကောင်းတွေဟာ တစ်ဖက်သားကို အကျိုးပြုတတ်ပေမယ့် မိတ်ဆွေတုတွေကတော့ တစ်ဖက်သားကို အသုံးချဖို့၊ လှည့်စားဖို့နဲ့ လိမ်ညာဖို့ ကြိုးစားတတ်ကြပါတယ်။ မိတ်ဆွေတုတွေဟာ မိတ်ဆွေစစ်လို ဟန်ဆောင်တတ်ကြတဲ့အတွက် သာမန်အချိန်မှာ မိတ်ဆွေစစ်နဲ့ မိတ်ဆွေတုကို ခွဲခြားသိဖို့ခက်ပါတယ်။ ဒါပေမယ့် အခက်အခဲတွေ ရင်ဆိုင်ကြုံတွေ့လာတဲ့အချိန်မှာတော့ ဘယ်သူက မိတ်ဆွေစစ်၊ ဘယ်သူကမိတ်ဆွေတုဆိုတာ ဇာတိပြလာကြပြီး မျက်နှာဖုံးကွာကျလာကြပါတယ်။**

ရွှေအကြောင်း ဖယောင်းသိ၊ လူ့အကြောင်းပေါင်းမှသိဆိုတဲ့ စကားလိုပါပဲ။ မိတ်ဆွေတုတွေဟာ သူတို့အကျိုးစီးပွားကိုပဲ ကြည့်တတ်ကြတဲ့အတွက် ဒုက္ခနဲ့ မှတ်ကျောက်တင်တဲ့အခါမှာ ဖုံးကွယ်ထားတဲ့ စိတ်ရင်းအမှန်တွေ ပေါ်လာကြပါတယ်။ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်မှာလည်း အလားတူပါပဲ။ ကိုယ့်နိုင်ငံရဲ့အကျိုးကို အမှန်တကယ်လိုလားတဲ့ နိုင်ငံတွေရှိသလို၊ ကိုယ့်နိုင်ငံကို အသုံးချဖို့ ကြိုးပမ်းနေကြတဲ့ နိုင်ငံတွေလည်း ရှိပါတယ်။ အခု မြန်မာ့နိုင်ငံရေး အကျပ်အတည်းမှာဆိုရင် မိတ်ဆွေစစ်နဲ့ မိတ်ဆွေတုတွေရဲ့ သရုပ်မှန်တွေကို မျက်ဝါးထင်ထင် တွေ့မြင်နေရပါတယ်။

**မြန်မာ့ပြည်တွင်းရေးအပေါ် တုံ့ပြန်မှု**

လတ်တလော မြန်မာနိုင်ငံမှာ ဖြစ်နေတဲ့ နိုင်ငံရေးသဘောထား ကွဲလွဲမှုတွေနဲ့ လက်နက်ကိုင်တိုက်ခိုက်မှုတွေဟာ ပြည်တွင်းရေးကို အခြေခံတဲ့ ပဋိပက္ခတွေသာဖြစ်ပါတယ်။ ဒီပြည်တွင်းရေးကိစ္စအပေါ်မှာ နိုင်ငံတကာက အမျိုးမျိုးတုံ့ပြန်နေကြတာကို တွေ့ရပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းကြီးတွေ၊ ဒေသတွင်းအဖွဲ့အစည်းတွေနဲ့ တစ်နိုင်ငံချင်းစီအလိုက် မြန်မာ့ပြည်တွင်းရေးအပေါ်မှာ အပြုသဘောနဲ့ တုံ့ပြန်ကြသလို အပျက်သဘောနဲ့ တုံ့ပြန်လာတာတွေလည်း ပါပါတယ်။ သူတို့ရဲ့ အကျိုးစီးပွားအပေါ်အခြေခံပြီး တုံ့ပြန်ကြတာလို့ ယူဆနိုင်ပါတယ်။ အချို့က ကိုယ်ကျိုးစီးပွား ကာကွယ်ဖို့၊ အချို့ကလည်း မြန်မာနိုင်ငံရဲ့ အကျပ်အတည်းအပေါ်မှာ အမြတ်ထုတ်ဖို့ ကြိုးပမ်းကြတာ တွေ့ရပါတယ်။ အချို့က မြန်မာ့ပြည်တွင်းရေး အကျပ်အတည်းတွေ အမြန်ဆုံးအဆုံးသတ်ပြီး ငြိမ်းငြိမ်းချမ်းချမ်း ပြေလည်စေဖို့ တိုက်တွန်းတဲ့ နိုင်ငံတွေကိုလည်း ရှိပါတယ်။

အဲဒီထဲမှာ မြန်မာ့ပြည်တွင်းရေး အကျပ်အတည်းကနေ ကိုယ်ကျိုးစီးပွားအတွက် လက်စွမ်းကုန်နှိုက်ယူဖို့အတွက် ပဋိပက္ခတွေ ပိုပြီးကျယ်ပြန့်လာအောင် လှုံ့ဆော်ပေး၊ နှတ်ကြောင်းပေးနေတဲ့ နိုင်ငံအချို့လည်းပါပါတယ်။ မြန်မာ့ပြည်တွင်းရေး အကျပ်အတည်းတွေကို အခွင့်ကောင်းယူအသုံးချဖို့ ထင်ထင်ပေါ်ပေါ်နဲ့တစ်မျိုး၊ နောက်ကွယ်က တစ်မျိုးနဲ့ ကြိုးစားနေကြပါတယ်။ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေဆိုတဲ့ စကားလိုပါပဲ။ ကိုယ့်နိုင်ငံ အခက်အခဲအကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေရချိန်မှာ ဘယ်အဖွဲ့အစည်းတွေက စိတ်ရင်းမှန်လဲ၊ ဘယ်နိုင်ငံက မိတ်ဆွေစစ်နိုင်ငံလဲဆိုတာ သူတို့ရဲ့တုံ့ပြန်မှုတွေကို ကြည့်ရင် တွေ့ရပါတယ်။ အခက်အခဲတွေဟာ မိတ်ဆွေစစ်၊ မိတ်ဆွေတုဆိုတာကို မှတ်ကျောက်တင် လိုက်သလိုပါပဲ။

စိတ်ရင်းမှန်တွေ ပေါ်လာကြပါတယ်။

**ဝင်ရောက်စွက်ဖက်နေကြ**

မြန်မာနိုင်ငံမှာဖြစ်နေတဲ့ လက်နက်ကိုင်တိုက်ခိုက်မှုတွေဟာ ပြည်တွင်းနိုင်ငံရေးမှာ အခြေခံတယ်ဆိုပေမယ့် ပြဿနာတွေ ပိုပြီးကြီးမားကျယ်ပြန့်လာစေတဲ့ အချက်တွေကတော့ ပြည်တွင်းရေး သက်သက်မဟုတ်ပါဘူး။ ကိုယ်ကျိုးစီးပွားတွေနဲ့ ဆက်နွှယ်နေတဲ့ အကြောင်းရင်းတွေ ပါပါတယ်။ ကိုယ်ကျိုးစီးပွား စွက်ဖက်နေတဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေဟာ နောက်ကွယ်ကနေ ပံ့ပိုးပေးနေသူတွေနဲ့ လက်ခံထားသူတွေ မရှိဘဲ ရပ်တည်လို့မရပါဘူး။ အဲဒီအဖွဲ့တွေကို နောက်ကွယ်ကနေ ပံ့ပိုးပေးနေသူတွေရှိလို့လည်း မြန်မာနိုင်ငံရဲ့ ပဋိပက္ခဖြေရှင်းရေးမှာ အတားအဆီးများစွာနဲ့ ရင်ဆိုင်နေရပါတယ်။ ဒါကြောင့် အဝေးက ရန်သူထက် နောက်ကျောကို ဓားနဲ့ ထိုးမယ့် အနီးကပ်မိတ်ဆွေက ပိုကြောက်စရာ ကောင်းတယ်ဆိုတဲ့ စကားက သတိပြုစရာပါ။

> ◆ **မြန်မာ့ပြည်တွင်းရေး အကျပ်အတည်းကနေ ကိုယ်ကျိုးစီးပွားအတွက် လက်စွမ်းကုန်နှိုက်ယူဖို့အတွက် ပဋိပက္ခတွေ ပိုပြီးကျယ်ပြန့်လာအောင် လှုံ့ဆော်ပေး၊ နှတ်ကြောင်းပေးနေတဲ့ နိုင်ငံအချို့လည်းပါပါတယ်။ မြန်မာ့ပြည်တွင်းရေး အကျပ်အတည်းတွေကို အခွင့်ကောင်းယူ အသုံးချဖို့ ထင်ထင်ပေါ်ပေါ်နဲ့ တစ်မျိုး၊ နောက်ကွယ်က တစ်မျိုးနဲ့ ကြိုးစားနေကြပါတယ်။ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေဆိုတဲ့ စကားလိုပါပဲ။ ကိုယ့်နိုင်ငံ အခက်အခဲ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေရချိန်မှာ ဘယ်အဖွဲ့အစည်းတွေက စိတ်ရင်းမှန်လဲ၊ ဘယ်နိုင်ငံက မိတ်ဆွေစစ်နိုင်ငံလဲဆိုတာ သူတို့ရဲ့တုံ့ပြန်မှုတွေကိုကြည့်ရင် တွေ့ရပါတယ်။ အခက်အခဲတွေဟာ မိတ်ဆွေစစ်၊ မိတ်ဆွေတုဆိုတာကို မှတ်ကျောက်တင် လိုက်သလိုပါပဲ။ စိတ်ရင်းမှန်တွေ ပေါ်လာကြပါတယ်**

မြန်မာနိုင်ငံဟာ နယ်နိမိတ်ချင်းထိစပ်နေတဲ့ နိုင်ငံငါးနိုင်ငံရှိပါတယ်။ နယ်နိမိတ်ချင်းဆက်စပ်နေတဲ့ နိုင်ငံတွေက လာအို၊ တရုတ်၊ ထိုင်း၊ အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်တို့ ဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံဆိုတာ သဘာဝကပေးတာပါ။ ကိုယ့်ဘာသာရွေးချယ်ခွင့် မရှိပါဘူး။ သဘာဝကပေးလို့ အိမ်နီးချင်းဖြစ်လာတဲ့အခါ ဆက်စပ်ပတ်သက်မှုတွေဆိုတာ အခုလည်းရှိတယ်၊ နောက်လည်း ရှိနေဦးမှာပါပဲ။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ နယ်နိမိတ်ချင်း ဆက်စပ်နေတဲ့အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမျိုး၊ ယဉ်ကျေးမှု၊ လူမှုရေးတွေလည်း ဆက်နွှယ်နေမှာပါ။ ဒီလိုဆက်နွှယ်နေတာကို အိမ်နီးချင်းကောင်း ပီသစွာ ဘယ်လိုဆက်ဆံကြမလဲဆိုတာ ရေတို၊ ရေရှည်ကြည့်ရမယ့် ကိစ္စဖြစ်ပါတယ်။

နောက်ပြီး နိုင်ငံတိုင်းက သူတို့ပြည်တွင်းရေးတွေ၊ ပဋိပက္ခတွေ ဆိုတာ ရှိကြပါတယ်။ တစ်နိုင်ငံရဲ့ ပြည်တွင်းရေး တစ်နိုင်ငံက မစွက်ဖက်ဖို့ဆိုတာ ကုလသမဂ္ဂ ပဋိညာဉ်၊ အာဆီယံပဋိညာဉ်တွေနဲ့ နှစ်နိုင်ငံသဘောတူညီမှုတွေမှာ ပါဝင်ပြီးဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအနေနဲ့ အိမ်နီးချင်းနိုင်ငံရဲ့ ပြည်တွင်းရေးတွေမှာ ဝင်စွက်ဖက်တာ၊ ဆန့်ကျင်ဘက်တွေကို ပံ့ပိုးထောက်ပံ့တာ မရှိပါဘူး။ အိမ်နီးချင်းနိုင်ငံကောင်း၊ မိတ်ဆွေကောင်းပီသစွာ ကျင့်ကြံခဲ့ပါတယ်။ ဒါဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒဖြစ်သလို အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံရဲ့ ကျင့်ဝတ်လို့လည်း ခံယူထားတာပါ။

ဒါပေမယ့် မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးမှာတော့ အဲဒီလိုမဟုတ်ခဲ့ပါဘူး။ အပြောတစ်မျိုး၊ လက်တွေ့တစ်မျိုးနဲ့ နောက်ကွယ်ကနေ နှတ်ကြောင်းပေး စွက်ဖက်နေကြပါတယ်။ ပြည်ပနိုင်ငံတွေရဲ့ စွက်ဖက်မှုကြောင့် နာလန်မထူနိုင်တဲ့နိုင်ငံတွေ ကမ္ဘာမှာ အများကြီးပါ။ အီရတ်၊ အာဖဂန်နိုင်ငံတွေကို ကြည့်ပါ။ ပြည်တွင်းရေးတွေမှာ ပြည်ပက ဝင်စွက်လို့ ပဋိပက္ခသံသရာ လည်နေပါတယ်။ မြန်မာ့ပြည်တွင်းရေးမှာလည်း ပြင်ပက နေစွက်ဖက်နေတာကို ကြည့်ရင် အိမ်နီးချင်းနိုင်ငံတွေထဲမှာ ဘယ်နိုင်ငံက တကယ့်စိတ်ရင်းမှန်တဲ့ မိတ်ဆွေနိုင်ငံဆိုတာ အလွယ်တကူခွဲခြားနိုင်ပါတယ်။ အချို့နိုင်ငံတွေက သူတို့နိုင်ငံသားတွေနဲ့ သူတို့နိုင်ငံကို ကာကွယ်ပေးဖို့လို့ ဆိုပေမယ့် လက်တွေ့မှာတော့ ကိုယ့်ကိုယ်ကို ကာကွယ်ဖို့ထက် ကိုယ်ကျိုးစီးပွားအမြတ်ထုတ်ဖို့ ကြိုးစားနေတာကို တွေ့ရပါတယ်။

**မီဒီယာနဲ့ နှတ်ကြောင်းပေးနေ**

ဇန်နဝါရီ ၂၃ ရက်က ထိုင်းနိုင်ငံ သတင်းဌာနတစ်ခုဖြစ်တဲ့ TNN World Today (Thai News Network) ကနေ သတင်းတစ်ပုဒ် လွှင့်ခဲ့ပါတယ်။ အွန်လိုင်းက လွှင့်ခဲ့တာပါ။ သတင်းကတော့ မြန်မာနိုင်ငံမှာဖြစ်နေတဲ့ တိုက်ခိုက်မှုတွေ အကြောင်းပဲဖြစ်ပါတယ်။ အဲဒါနဲ့ ဆက်စပ်ပြီး ဆွေးနွေးသွားတာက မြန်မာနိုင်ငံက လက်နက်ကိုင် တိုက်ခိုက်မှုတွေကြောင့် ဘင်္ဂါလီတွေ ထိခိုက်နစ်နာနေတဲ့ အကြောင်းကို လိုရာဆွဲဖော်ပြခဲ့ပါတယ်။ မဆက်စပ်တဲ့ အကြောင်းအရာနှစ်ခုကို လိုချင်ရာ ဆွဲပြောသွားတာတွေ့ရပါတယ်။ ဒီနေရာမှာ ပြောချင်တာက မြန်မာနိုင်ငံမှာဖြစ်နေတဲ့ လက်နက်ကိုင် တိုက်ခိုက်တာတွေက ဘင်္ဂါလီတွေနဲ့ ဆက်စပ်မှုမရှိဘူး ဆိုတာပါပဲ။ ဘင်္ဂါလီကိစ္စဟာ အနောက်နိုင်ငံတွေနဲ့ OIC တို့လို အဖွဲ့အစည်းတွေက နိုင်ငံတကာအရေးဖြစ်အောင် ဇာတ်သွင်းနေတဲ့ကိစ္စဖြစ်ပါတယ်။ အဲဒီလို မဆက်စပ်တဲ့ကိစ္စတစ်ခုကို ထည့်သွင်းပြောကြားခဲ့တာဟာ ရည်ရွယ်ချက်ရှိရှိ ပြောကြားခဲ့တယ်လို့ သုံးသပ်နိုင်ပါတယ်။ မီဒီယာနဲ့ နှတ်ကြောင်းပေးတာဟာ မီဒီယာကျင့်ဝတ်နဲ့မညီသလို အိမ်နီးချင်းနိုင်ငံအချင်းချင်းအကြား စောင့်ထိန်းအပ်တဲ့ ကျင့်ဝတ်ကို ဖောက်ဖျက်ခြင်းဖြစ်ပါတယ်။

TNN World Today ရဲ့ ထုတ်လွှင့်ချက်ဟာ ပကတိတရားဖုံးကွယ်ပြီး သတင်းတစ်ပုဒ်ကို ဘက်လိုက်တင်ပြတာဟာ သတင်းမီဒီယာဘက်လိုက်မှု (Media Bias) ဖြစ်ပါတယ်။ သတင်းမီဒီယာဘက်လိုက်မှုကြောင့် ဖြစ်စဉ်အမှန်ကနေ သွေဖည်ပြီး လမ်းကြောင်းအမှန်ကို ပြောင်းလဲစေပါတယ်။ TNN World Today ရဲ့ ရည်ရွယ်ချက်က အဲဒီအတိုင်းပါပဲ။ လက်ရှိ မြန်မာ့အကျပ်အတည်းနဲ့ ဘယ်လိုမှမသက်ဆိုင်တဲ့ ဘင်္ဂါလီကိစ္စကို ဘက်လိုက်ဖော်ပြခဲ့ပါတယ်။ ဒီသတင်းထုတ်လွှင့်မှုဟာ သတင်းဌာနရဲ့ အာဘော်လား၊ ထိုင်းနိုင်ငံရဲ့ အာဘော်လားဆိုတာကိုတော့ ခွဲခြားဖို့ ခက်ခဲပါတယ်။ သေချာတာကတော့ TNN World Today ရဲ့ သတင်းကတော့ မြန်မာနိုင်ငံအပေါ် အပြုသဘောမဆောင်တာကတော့ သေချာပါတယ်။ ပြည်တွင်းရေး အကျပ်အတည်းတွေကို ဖြေရှင်းနေရချိန်မှာ ဘင်္ဂါလီကိစ္စကို မပတ်သက်တဲ့ နှတ်ကြောင်းပေးတာဟာ အပျက်သဘော ဆောင်နေပါတယ်။

**မီဒီယာလက်နက်**

သတင်းနည်းပညာ တိုးတက်လာတဲ့ ခေတ်ကြီးမှာ မီဒီယာဟာအစွမ်းထက်တဲ့ လက်နက်တစ်ခုဖြစ်လာပါတယ်။ ယခင်ကတော့ Main Stream Media တွေသာရှိပေမယ့် အခုအခါမှာ အွန်လိုင်းမီဒီယာတွေ များစွာရှိနေပါပြီ။ အွန်လိုင်းမီဒီယာတွေဟာ သတင်းမြန်ဆန်သလို လူထုဆီကိုလည်း ကျယ်ကျယ်ပြန့်ပြန့်နဲ့ ချက်ချင်းရောက်တဲ့အတွက် ထိရောက်မှုလည်းရှိပါတယ်။ ဒါကြောင့် အွန်လိုင်းမီဒီယာတွေဟာ လူထုကြားကို အမြန်ဆုံး ထိုးဖောက်နိုင်တဲ့ လမ်းကြောင်းတစ်ခုဖြစ်လာပါတယ်။ အခုဆိုရင် အွန်လိုင်းမီဒီယာတွေကို နိုင်ငံရေး၊ စီးပွားရေးစတဲ့နယ်ပယ်စုံမှာ အသုံးပြုလာကြပါတယ်။ နယ်ပယ်စုံမှာ အသုံးပြုလာနေတဲ့ အွန်လိုင်းမီဒီယာတွေဟာ တစ်ဖက်မှာလည်း နိုင်ငံရေး၊ စီးပွားရေးတွေမှာ လက်နက်သဖွယ် အသုံးပြုနေကြပါတယ်။

ကျယ်ပြန့်လာတဲ့ အွန်လိုင်းမီဒီယာတွေမှာ မှန်ကန်တဲ့သတင်းဌာနတွေရှိသလို ကျင့်ဝတ်တွေ၊ စည်းမျဉ်းစည်းကမ်းနဲ့မညီတဲ့ အွန်လိုင်းမီဒီယာတွေလည်းရှိကြပါတယ်။ သတင်းစာပညာနဲ့ပတ်သက်လို့ ၁၈၉၈ အတွင်း ဖြစ်ပွားခဲ့တဲ့ စပိန်-အမေရိကန် စစ်ပွဲနဲ့ ပတ်သက်ပြီး အမေရိကန်သတင်းစာထုတ်ဝေသူ ဝီလီယံရှူးဒေါ့ဟတ်စ်က စကားတစ်ခွန်းပြောခဲ့ပါတယ်။ "You furnish the pictures and I'll furnish the war." "မင်းက ဓာတ်ပုံတွေသာ ပို့ပေးပါ၊ ငါက စစ်ပွဲဖန်တီးပေးပါ့မယ်" တဲ့။ ဟတ်စ်ရဲ့စကားက သတင်းစာပညာကို ကြိုက်သလို ဖန်တီးနိုင်တာကို ဖော်ပြခြင်းဖြစ်ပါတယ်။ မီဒီယာတွေဆိုတာ ပြည်သူလူထုရဲ့အမြင်တွေကို ထင်ဟပ်စေနိုင်ပြီး နိုင်ငံရေးဖြစ်အပျက်တွေကို လွှမ်းမိုးနိုင်ပါတယ်။

လွှမ်းမိုးတဲ့နေရာမှာ အပြုသဘောလား၊ အပျက်သဘောလားဆိုတဲ့ ကွာခြားမှုတော့ ရှိပါတယ်။ TNN World Today သတင်းရဲ့ သတင်းထုတ်လွှင့်မှုဟာ လုပ်ကြံဖန်တီးထုတ်လွှင့်တာ ဖြစ်တဲ့အတွက် အပြုသဘောမဆောင်ပါဘူး။ ဒါ့အပြင် သတင်းလွတ်လပ်ခွင့်ဆိုတာ ကိုယ်ထင်ရာ ကိုယ်ပြောခွင့်မဟုတ်ပါဘူး။ လိုက်နာရမယ့် ကျင့်ဝတ်တွေ၊ စည်းမျဉ်းစည်းကမ်းတွေ ရှိပါတယ်။ လွတ်လပ်ခွင့်နဲ့အတူ တာဝန်ယူမှု တာဝန်ခံမှုတွေ ရှိပါတယ်။ အဲဒါတွေကို လိုက်နာမှုမရှိဘဲ မီဒီယာကို နိုင်ငံရေးလက်နက်အနေနဲ့ အသုံးချလာတဲ့အခါမှာ မတည်ငြိမ်မှုတွေနဲ့ ပဋိပက္ခတွေကို ပိုကျယ်ပြန့်စေပါတယ်။

**နှစ်နိုင်ငံဆက်ဆံရေးအပေါ် အကျိုးသက်ရောက်စေနိုင်**

သတင်းနည်းပညာ ခေတ်မှာ အွန်လိုင်း

*စာမျက်နှာ ၁၁ သို့*



## ကချင်ပြည်နယ်အတွင်းရှိ သမဝါယမအသင်းများအတွက် မတည်ထုတ်ချေးငွေများ လွှဲပြောင်းပေးအပ်

မြစ်ကြီးနား ဇန်နဝါရီ ၃၀

ကချင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေးတို့အတွက် နိုင်ငံတော်မှ ရင်းနှီးလုပ်ကိုင် ဆောင်ရွက်နိုင်ရန် မတည်ရင်းနှီးပေးခဲ့သည့် နိုင်ငံ့စီးပွား မြှင့်တင်ရေး ရန်ပုံငွေကျပ် ရှစ်ဘီလီယံကို ပထမနှစ်စက်ဝန်းဖြင့် စီမံကိန်း လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါ ဒုတိယနှစ် စက်ဝန်းလည်ပတ်နိုင်ရေး ဇန်နဝါရီ ၂၉ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးလုပ်ငန်းနှင့် သမဝါယမအသင်းများထံ မတည်ထုတ်ချေးငွေများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်က နိုင်ငံ့စီးပွား မြှင့်တင်ရေးစီမံကိန်းကို တစ်နှစ်တာကာလအတွင်း အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ယနေ့ ဒုတိယနှစ်စီမံကိန်း စက်ဝန်းရန်ပုံငွေကို ပြန်လည် ထုတ်ချေးပေးနိုင်တော့မည်ဖြစ်သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိကြောင်း၊ စီမံကိန်း ဆောင်ရွက်မည့်သူများ အနေဖြင့်လည်း ရရှိသည့်ရန်ပုံငွေများကို အကျိုးရှိထိရောက်စွာဖြင့် တိုးပွားအောင်မြင်အောင် ဆောင်ရွက်ကြရေးနှင့် သက်ဆိုင်ရာဌာနများအနေဖြင့်လည်း စီမံကိန်းပါလမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရေး စဉ်ဆက်မပြတ် ကြီးကြပ်ကွပ်ကဲကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယနှစ်စက်ဝန်းအတွက် စီမံကိန်းရန်ပုံငွေများကိုလွှဲပြောင်းပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ် ဥပဒေချုပ်တို့က စိုက်ပျိုးရေးလုပ်ငန်းစီမံကိန်း ၈၈ ယူနစ်အတွက် ရန်ပုံငွေကျပ်သန်း ၄၀၃၀၊ မွေးမြူရေးလုပ်ငန်းစီမံကိန်း ၁၆ ယူနစ်အတွက် ရန်ပုံငွေကျပ်သန်း ၈၄၀၊ ငါးလုပ်ငန်းစီမံကိန်း ၄ ယူနစ်အတွက် ရန်ပုံငွေကျပ်သန်း ၁၃၀ နှင့် သမဝါယမအသင်းအဖွဲ့ ၅၀ အတွက် ရန်ပုံငွေကျပ်သန်း ၁၆၀၆ ဒသမ ၄ တို့ဖြင့် စုစုပေါင်း လုပ်ငန်းစီမံကိန်း ၁၅၈ ယူနစ်အတွက် ရန်ပုံငွေကျပ်သန်း ၆၆၀၆ ဒသမ ၄ ကို တောင်သူများနှင့် ကျေးရွာကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များထံ အသီးသီး မတည်လွှဲပြောင်းပေးအပ်ခဲ့သည်။

**ပြည်နယ်(မြန်/ဆက်)**

## ဖျာပုံမြို့၌ ရှာဖွေကယ်ဆယ်ရေး မွမ်းမံသင်တန်းဖွင့်

ဖျာပုံ ဇန်နဝါရီ ၃၀

ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေး မွမ်းမံသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၉ ရက်က ဖျာပုံမြို့နယ် မီးသတ်ဦးစီးမှူးရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါ ရှာဖွေကယ်ဆယ်ရေးမွမ်းမံသင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်လင်းက အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးမှူး ဦးဌေးဝေက ရှာဖွေကယ်ဆယ်ရေး မွမ်းမံသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက် ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသုံး ပစ္စည်းများကို လှည့်လည်ကြည့်ရှုပြီး အဆိုပါ ရှာဖွေကယ်ဆယ်ရေးမွမ်းမံသင်တန်းကို ဖျာပုံခရိုင်အတွင်းရှိ(ဖျာပုံ၊ ကျိုက်လတ်၊ ဒေးဒရဲ၊ ဘိုကလေး)မြို့နယ်များမှ မီးသတ်ဦးစီးဌာနရှိ မီးသတ်တပ်ဖွဲ့ဝင် ၄၃ ဦး တက်ရောက်ကြကြောင်း၊ သင်တန်းကို ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၂၃ ရက် အထိ ဖွင့်လှစ်ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းနိုင် (မြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

မီဒီယာတွေက ဘက်လိုက်မှု၊ သတင်းတု၊ သတင်းမှား၊ လုပ်ကြံသတင်း၊ စိတ်ဓာတ်စစ်ဆင်ရေးတွေ လုပ်နေသလိုပဲ TNN World Today ကလည်း မြန်မာ့ပြည်တွင်းရေးအပေါ် မီဒီယာကနေ စွက်ဖက်လာပါတယ်။ TNN World Today ဟာ သူတို့ဖြစ်စေချင်တဲ့ အကြောင်းအရာကို နှုတ်ကြောင်းပေးလိုရာဆွဲ ဖော်ပြခဲ့ပါတယ်။ TNN World Today ရဲ့ အဲဒီသတင်းဟာ အိမ်နီးချင်းနှစ်နိုင်ငံ ဆက်ဆံရေးအပေါ် ကောင်းကျိုးမပြုပါဘူး။ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံဟာ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းဖို့နဲ့ ပူးပေါင်း ဆောင်ရွက်ဖို့အတွက် သဘောတူထားကြတဲ့ နိုင်ငံတွေပါ။ နှစ်နိုင်ငံ ချစ်ကြည်ရေးခရီး လည်ပတ်တာတွေလည်း ရှိပါတယ်။ အပြန်အလှန်နားလည်မှုနဲ့ သဘောတူညီမှုတွေ တည်ဆောက်ထားကြတာပါ။

အဲဒီလိုအခြေအနေမှာ TNN World Today ရဲ့ သတင်းဖော်ပြမှုက လက်နဲ့ရေးခြေနဲ့ဖျက်သလို ဖြစ်နေပါတယ်။ ထိုင်းနိုင်ငံမှာလည်း မွတ်စလင်ခွဲထွက်ရေးလှုပ်ရှားမှုတွေကို ကိုင်တွယ်ဖြေရှင်းနေရဆဲပါ။ ထိုင်းနိုင်ငံမှာ ဖြစ်နေတဲ့ ပြည်တွင်းရေးတွေနဲ့ ပတ်သက်လို့ မြန်မာနိုင်ငံဟာ ဝင်ရောက်စွက်ဖက်တာ၊ နောက်ကွယ်က ပံ့ပိုးကူညီတာနဲ့ ပဋိပက္ခတွေ ကျယ်ပြန့်လာအောင် နှုတ်ကြောင်းပေး ပြောဆိုတာတွေ မရှိခဲ့ပါဘူး။ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်း ပီသစွာ ရပ်တည်နေခဲ့ပါတယ်။ ဒါဟာ နှစ်နိုင်ငံဆက်ဆံရေး ရေရှည်တည်တံ့စေဖို့ ဖြစ်ပါတယ်။

TNN World Today ရဲ့ လုပ်ရပ်ကတော့ မိတ်ဆွေစစ်သဘော မတွေ့ရပါဘူး။ မြန်မာ့အရေးကို မီဒီယာကနေ စွက်ဖက်နေတာဟာ မရိုးသားစိတ်၊ မိတ်ဆွေမပီသတဲ့စိတ်လို့ ဆိုရမှာပါ။ ဒါကြောင့် TNN World Today အနေနဲ့ နှစ်နိုင်ငံအကြား ဖြစ်လာနိုင်တဲ့ ကောင်းကျိုး၊ ဆိုးကျိုးတွေကို ချင့်ချိန်ပြီး နိုင်ငံရေးလွှမ်းမိုးမှုမရှိတဲ့ မီဒီယာဖြစ်အောင် ကြိုးစားပါလို့ တိုက်တွန်းလိုပါတယ်။ ။

မြန်မာ့အလင်း စာတည်းထံပေးစာ

## တိုက်ပွဲတစ်ရာ နွှဲနိုင်ပါစေ၊ အောင်ပွဲတစ်ရာ ရရှိပါစေ

စာတည်းခင်ဗျား–

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့ကို တပ်မတော်စစ်ကြောင်းတွေက ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး သောင်းကျန်းသူတွေ ဆုတ်ခွာထွက်ပြေးတဲ့သတင်းကို ကြားသိရလို့ အလွန်ကို ဝမ်းသာပီတိဖြစ်ရပါတယ်။ တရားသော စစ်ပွဲအောင်မြင်မယ်၊ တပ်မတော်သားတွေကို သမ္မာဒေဝနတ်ကောင်းနတ်မြတ်များက စောင့်ရှောက်၊ ကူညီနေမယ်၊ အောင်ပွဲနဲ့အတူပြန်လာမယ့် တပ်မတော်သားတွေကို ပြည်သူအားလုံးက သပြေပန်းနဲ့ လက်ကမ်းကြိုနေမယ်လို့ ယုံကြည်မိပါတယ်။

ဒါ့အပြင် အွန်လိုင်းမှာ ဖတ်လိုက်ရတဲ့ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ရွှေပြည်အေးမြို့ကို ပြန်လည်ထိန်းချုပ်နိုင်တဲ့ သတင်းတွေ၊ ကန့်ဘလူမြို့နယ်မှာ တပ်မတော်သားတွေကို ပြည်သူလူထုက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနေတဲ့ သတင်းတွေကြောင့် **“တိုက်ပွဲတိုင်း အောင်ပါစေကြောင်း”** ရှေ့တန်းရောက် တပ်မတော်သားတွေအတွက် ဇနီးမယားတွေ၊ မိသားစုတွေ၊ ပြည်သူတွေရဲ့ ဆုတောင်းတွေ၊ ဆန္ဒတွေ မကြာမီမှာ ပြည့်ဝတော့မယ်လို့လည်း ယုံကြည်နေပါတယ်။

အွန်လိုင်းမှာပဲ တွေ့လိုက်ရတဲ့ NUG ရဲ့ ပဲခူးရိုးမပေါ်က အုတ်ဂူတွေ။ ဘာတဲ့ PDF အကြမ်းဖက်သောင်းကျန်းသူတွေဖြစ်တဲ့ ဒုတပ်ရင်းမှူး ကိုထက် (ခ) ထက်အောင်ကျော် (အသက် ၃၂)၊ ရဲဘော်ဂျက် (အသက် ၂၆)၊ ရဲဘော် တူးတူး (အသက်၂၉)၊ ရဲဘော် တက်တူး (အသက် ၃၀)၊ တပ်ရင်းမှူး ညီသန့် (အသက် ၄၄)၊ ရဲဘော် ဝတုတ် (အသက် ၂၉)၊ ဒုတပ်ခွဲမှူး စွန်ရဲ (အသက် ၄၀)၊ ရဲဘော် ဗေဒါ (အသက် ၂၉)၊ တပ်ခွဲမှူး သံချောင်း(ခ) သော်ဇင် စတဲ့၊ စတဲ့ သူတို့ရဲ့ အုတ်ဂူနီနီလေးတွေဟာ မိသားစုနဲ့ဝေးရာ၊ လူသူကင်းမဲ့ရာမှာ မြှုပ်နှံသင်္ဂြိုဟ်ခံကြရတာချင်း အတူတူ PDF တွေရဲ့ သေဆုံးခြင်းဟာ တိုင်းပြည်အတိုင်း တစ်စက်ကလေးမှ တန်ဖိုးမရှိတဲ့၊ တန်ဖိုးမဲ့ သေဆုံးခြင်းဖြစ်သွားကြပြီလို့ ထင်မြင်မိပါတယ်။ သူတို့ရဲ့ မိသားစုတွေအတွက်လည်း သားသမီးချင်းစာနာပြီး ယူကျုံးမရဖြစ်မိ၊ ဝမ်းနည်းကြေကွဲမိပါတယ်။

CDM လုပ်သွားတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ပတ်သက်ပြီး သတင်းထုတ်ဖို့ ဓာတ်ပုံအရိုက်ခံတဲ့အချိန်မှာ ထောက်ပံ့ငွေ ဘယ်လောက်ဆိုပြီး ပေးအပ်တဲ့သတင်းတွေ ထုတ်ပြန်ပေမယ့် တကယ့် လက်တွေ့မြေပြင်မှာ ရက်ရက်စက်စက် သတ်ပစ်တာတွေ၊ ရှေ့တန်းမှာ အသေခံဖို့သက်သက် တိုက်ပွဲဝင်ခိုင်းတာတွေကြောင့် နောင်တဆိုတာ နောင်မှရတတ်ပါတယ်။ သူတို့တောင် ရရစားစားနေရတဲ့ ဘဝမှာ ဖြားယောင်းသွေးဆောင်မှုတွေကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ မြင်တတ်ဖို့၊ နားမယောင်ဖို့ လိုပါတယ်။ တဒင်္ဂပင်ပန်းဆင်းရဲမှုကြောင့် ကိုယ့်အဖွဲ့အစည်းကြီး ဂုဏ်သိက္ခာမကျစေဖို့လည်း သတိလေးရှိစေချင်ပါတယ်။ ရန်သူဟာ ပရိယာယ်နဲ့ ဖြားယောင်းသွေးဆောင်ပေမယ့် အသိတရားနဲ့ ဗဟုသုတရှိရင် ဘယ်သူမှ သွားရောက်ပူးပေါင်းမှာ မဟုတ်ပါဘူး။ ဒါဆို နောင်တလည်းရမှာ မဟုတ်ပါဘူး။ သူတို့လက်မှာ ခွေးသေဝက်သေ သေရခြင်းထက် မိမိသေနတ်ရဲ့ နောက်ဆုံးကျည်ဆန်တစ်တောင့်ဟာ ကိုယ့်အတွက်ဆိုပြီး ရန်သူ့ထံ လက်နက်မချဘဲ သူရဲကောင်းပီသသွားသူတွေရဲ့ ဘဝက အများကြီး မြတ်တာပေါ့။ ကမ္ဘာမြေပေါ်မှာလည်း သူတို့နဲ့ ပတ်သက်တဲ့ သတင်းစကားဟာ ထာဝရမွှေးပျံ့နေမှာ၊ ဂုဏ်သိက္ခာရှိနေမှာပါ။

**“ရဲစွမ်းသတ္တိရှိသော တပ်မတော်”** လို့ ဟိုးငယ်ငယ်ကတည်းက မိဘ ၊ ဘိုးဘွားတွေ ပြောပြလို့ သိထားပြီးသားပါ။ တိုင်းပြည်အရေးမှာ နှစ်ပေါင်းများစွာ ပါဝင်ခဲ့ရတဲ့အတွက် အနောက်နိုင်ငံမီဒီယာတွေ အပါအဝင် မြန်မာ့တပ်မတော်ကို ပျက်စီးစေချင်တဲ့ မီဒီယာမျိုးစုံကြောင့် တပ်မတော်နဲ့ တပ်မတော်သားတွေရဲ့ ဂုဏ်သတင်း ကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် တပ်မတော်သားတွေနဲ့ နီးနီးကပ်ကပ် ပေါင်းသင်းဆက်ဆံဖူးတဲ့သူတိုင်း တပ်မတော်သားတွေကို ချစ်ကြတယ်၊ အားကိုးမြတ်နိုးတန်ဖိုးထားကြတယ်ဆိုတာ ကျွန်တော်တို့ အားလုံးအသိဆုံးပါ။


ကျွန်တော်တို့ တပ်မတော်ချစ်သူတွေအနေနဲ့ အခုဆို ဘယ်ပျော်ပွဲရွှင်ပွဲ၊ ပွဲလမ်းသဘင် အခမ်းအနားကိုမှ ကျင်းပတာ၊ တက်ရောက်တာ၊ လတ်လျားလတ်လျား လုပ်တာမရှိဘဲ တိုက်ပွဲသတင်းတွေ နားထောင်၊ တိုက်ပွဲအောင်မြင်တဲ့သတင်းတွေ ဖြန့်ဝေ၊ တိုက်ပွဲနဲ့ ပတ်သက်လို့ တစ်ထောင့်တစ်နေရာကပဲ ပါဝင်ဆောင်ရွက်နေပါတယ်။ ဒါမှ တိုက်ပွဲဝင်စစ်သည်တွေကို တန်ဖိုးထားရာ၊ လေးစားရာ ရောက်မယ်၊ သူတို့တွေလည်း တိုက်ပွဲဝင်ရတာ အားရှိမယ်၊ သေရမယ် ဆိုရင်တောင် သေပျော်မယ်လို့ ယုံကြည်ပါတယ်။

တပ်မတော်သားတွေအနေနဲ့ ကိုယ့်ရဲ့ ခေါင်းဆောင်ကောင်းတွေနောက် သေချာလိုက်ပါပြီး တိုက်ပွဲဝင်မယ်၊ ကိုယ့်ရဲ့ ရဲဘော်ရဲဘက်တွေနဲ့ သေအတူ ရှင်မကွာ စိတ်ထားထားရှိကြမယ်ဆိုရင် တိုက်ပွဲတိုင်း အောင်မြင်မှာပါ။ တစ်လ၊ နှစ်လ စစ်သင်တန်းလောက် တက်ထားတဲ့၊ လက်နက်ကိုင်ထားလို့သာ သတ္တိပြတတ်တဲ့ သောင်းကျန်းသူ သူပုန်လောက်၊ PDF အကြမ်းဖက်အဖွဲ့တွေလောက်တော့ **“စွမ်းရင် တောင့်ခံထား၊ ငါတို့ လာပြီ”**လို့ ကြွေးကြော်ပြီး တိုက်ပွဲတစ်ရာ နွှဲနိုင်ပါစေ၊ အောင်ပွဲတစ်ရာ ရရှိပါစေကြောင်း အထပ်ထပ်အခါခါ ဆုမွန်ကောင်းတောင်းလျက်။

**မျိုးချစ်သူ**
**မန္တလေးမြို့**

## မုံရွာမြို့နယ် ထန်းပင်လှကျေးရွာနှင့် ပေါင်းတည်မြို့နယ် နတ်ရေတွင်းရွာတို့ကို တပ်မတော်မှ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်တွင် မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဇန်နဝါရီ ၃၀**
မုံရွာမြို့နယ် ထန်းပင်လှကျေးရွာကို ဇန်နဝါရီ ၃၀ ရက် နံနက် ၄ နာရီ မိနစ် ၄၀ ခန့်တွင် တပ်မတော်မှ ဝင်ရောက်ခဲ့ပြီး မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ယနေ့နံနက် ၄ နာရီ မိနစ် ၄၀ ခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများက မုံရွာမြို့နယ် သာစည်ကျေးရွာအုပ်စု ထန်းပင်လှကျေးရွာကို ဝင်ရောက်၍ နေအိမ်များအတွင်းရှိ ပစ္စည်းများ ဝင်ရောက်လုယက်ယူဆောင်၍ နေအိမ်အချို့အား မီးရှို့ခဲ့ခြင်းကြောင့် မီးလောင်ပျက်စီးမှုများ ရှိခဲ့ကြောင်းနှင့် ထန်းပင်လှ ကျေးရွာအနီးဝန်းကျင်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေလုံခြုံရေး တာဝန်ထမ်းဆောင်ခဲ့ခြင်းမရှိကြောင်း သက်ဆိုင်ရာနယ်မြေလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် နတ်ရေတွင်းရွာက နေအိမ်တွေကို တပ်မတော်က ဇန်နဝါရီ ၂၇ ရက်တွင် ဒုတိယအကြိမ် မီးရှို့ခဲ့ကြောင်း မဟုတ်မမှန်သတင်းများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများက ဇန်နဝါရီ ၂၄ ရက်တွင် ၎င်းကျေးရွာရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ပြီး ဇန်နဝါရီ ၂၇ ရက်တွင်လည်း နတ်ရေတွင်းကျေးရွာသို့ ထပ်မံရောက်ရှိလာပြီး နေအိမ်ရှိ အဖိုးတန်ပစ္စည်းများ၊ စားစရာများကို ယူဆောင်၍ ဒုတိယအကြိမ် မီးရှို့ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပြီး အဆိုပါကျေးရွာအနီးဝန်းကျင်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေလုံခြုံရေး တာဝန်ထမ်းဆောင်ခဲ့ခြင်း မရှိကြောင်း သက်ဆိုင်ရာနယ်မြေလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများသည် မြို့၊ ရွာများရှိ လူနေအိမ် အဆောက်အဦများကို အကာအကွယ်ပြု၍ ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် လူနေအိမ်များ မီးရှို့ဖျက်ဆီးခြင်း အပါအဝင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝကို အကြမ်းဖက်သည့်နည်းလမ်းများဖြင့် ဖျက်ဆီးလုပ်ဆောင်လျက်ရှိပြီး ၎င်းလုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းမှားများကို လုပ်ကြံရေးသားကာ သွေးထိုးလှုံ့ဆော်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကန်ကြီးထောင့်မြို့နယ်တွင် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သည့် ကုန်တင်ယာဉ်များကို စစ်ဆေး၍ ငွေတောင်းနေကြောင်း မဟုတ်မမှန် သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဇန်နဝါရီ ၃၀**
ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် ဇန်နဝါရီ ၂၈ ရက်မှစ၍ မြို့တွင်းသို့ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ အပါအဝင် အစားအသောက်၊ အဝတ်အထည်များ တင်ဆောင်သည့် ကုန်တင်ယာဉ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက တားဆီးစစ်ဆေးပြီး ကုန်တင်ယာဉ် တစ်စီးလျှင် ကျပ်ငါးသောင်းမှ ကျပ်ရှစ်သောင်းအထိ ငွေပေးမှသာ မြို့တွင်းသို့ ဝင်ခွင့်ပြုသည်ဟု မဟုတ်မမှန်သတင်းများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေ နေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ ဒေသခံများ၏ သတင်းပေးပို့မှုနှင့် ဧရာဝတီတိုင်းဒေသကြီးမှ လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ ကန်ကြီးထောင့်မြို့နယ်တွင် စစ်ဆေးရေးဂိတ်မရှိကြောင်း၊ မြို့ဝင်ထွက်လမ်းဆုံများတွင် သက်ဆိုင်ရာ တာဝန်ရှိသူများက လုံခြုံရေးဆိုင်ရာ ပူးပေါင်းစစ်ဆေးခြင်းများ ပုံမှန်ဆောင်ရွက်လျက်ရှိပြီး ထိုသို့ စစ်ဆေးရာတွင်လည်း ငွေကြေးကောက်ခံမှုများ မရှိကြောင်း၊ တရားမဝင်ပြည်ဖျက် မီဒီယာများက သတင်းတု၊ သတင်းမှားများဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေရန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၃၀**
အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Zwe Naung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်နေ ဇင်ဝင်းနောင် (ခ) ဇွဲနောင်အား ညနေ ၄ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ “Arkar Htet” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် နန်းတော်ရာရပ်ကွက်နေ သဒ္ဒါငြိမ်းမင်း(ခ) အာကာမင်းထက်အား ည ၆ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ဈေးတန်းရပ်ကွက်၌ ဇန်နဝါရီ ၂၇ ရက်က မြို့နယ်မီးသတ် ဦးစီးအရာရှိ ဦးဝေလင်းအောင် ဦးဆောင်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးလောင်မှု မဖြစ်ပွားရေးအတွက် တစ်အိမ်တက်ဆင်း စစ်ဆေးဆောင်ရွက်စဉ်။ အာကာလင်း

## ထိုင်းကိုအနိုင်ယူပြီး အာရှဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ဥဇဘက်ကစ္စတန်အသင်း တက်လှမ်း

အာရှဖလားပြိုင်ပွဲ (၁၆) သင်းအဆင့်မှ ဥဇဘက်ကစ္စတန်နှင့် ထိုင်းအသင်းပွဲစဉ်ကို ဇန်နဝါရီ ၃၀ ရက် ညနေ ၆ နာရီက ယှဉ်ပြိုင်ကစားခဲ့ရာ ဥဇဘက်ကစ္စတန်အသင်းက နှစ်ဂိုး – တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး ကွာတားဖိုင်နယ်သို့ တက်လှမ်းသွားခဲ့ပြီ ဖြစ်သည်။

ထိုင်းအသင်းသည် ဥဇဘက်ကစ္စတန်အသင်းကို ခြေရည်တူကစားနိုင်ခဲ့သည့်အပြင် ဂိုးပေါက်ကန်သွင်းမှု ရှစ်ကြိမ်ထက်မနည်း ရှိခဲ့ပြီး ဂိုးပေါက်တည့်မတ်မှု သုံးကြိမ်တွင် တစ်ကြိမ်ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။

ပွဲချိန် ၃၇ မိနစ်တွင် တာဂန်ဘဲ့ ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ဥဇဘက်ကစ္စတန်အသင်း ဦးဆောင်ဂိုး ရရှိခဲ့သည်။ ထို့နောက်တွင် ထိုင်းအသင်းကလည်း ချေပဂိုးရရှိရေး ကြိုးစားလာခဲ့ရာ ပွဲချိန် ၅၈ မိနစ်တွင် ရရှိခဲ့ပြီး စူပါရှော့ ဆာရာချက်က သွင်းယူပေးနိုင်ခဲ့သည်။

ဥဇဘက်ကစ္စတန်အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲချိန် ၆၅ မိနစ်တွင် ဖေဇူလာယက်ဗ်က သွင်းယူနိုင်ခဲ့သည်။ ထို့နောက်တွင် နှစ်သင်းစလုံး လူစားပြောင်းလဲမှုများပြုလုပ်ကာ သွင်းဂိုးရရှိရေး အပြန်အလှန်တိုက်စစ်ဆင်ကစားမှုများ ပြုလုပ်လာသော်လည်း ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ဥဇဘက်ကစ္စတန်အသင်းက အနိုင်ရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

ဥဇဘက်ကစ္စတန်အသင်းသည် အာရှဖလားပြိုင်ပွဲကွာတားဖိုင်နယ်တွင် နာမည်ကြီး ကာတာအသင်းနှင့် ဖေဖော်ဝါရီ ၃ ရက်တွင် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**အောင်ဇော်**



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

# ဂျပန်ဝန်ကြီးချုပ် လွှတ်တော်မိန့်ခွန်းတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် ငလျင်ဒဏ်သင့်ဒေသများကို ပြန်လည်တည်ဆောက်သွားမည်ဖြစ်ကြောင်း ကတိပြု

တိုကျို ဇန်နဝါရီ ၃၀

**ဂျပန်ဝန်ကြီးချုပ် ကီရှီဒါ ဖူမီယို၏ လွှတ်တော်မူဝါဒမိန့်ခွန်းတွင် နိုင်ငံရေး၌ ပြည်သူ့ယုံကြည်မှု ပြန်လည်ရရှိရန် ၎င်း၏ဆုံးဖြတ်ချက်ကို ဖော်ပြခဲ့သည်။ ရန်ပုံငွေအရှုပ်တော်ပုံတွင် ၎င်း၏အဓိကအာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ ပါဝင်ပြီးနောက် ယခုလို ၎င်း၏ဆုံးဖြတ်ချက်ကို ဖော်ပြခဲ့ခြင်းဖြစ်သည်။**



နှစ်သစ်ကူးနေ့တွင် အီရှီကာဝါခရိုင် နိုတိုဒေသ၌ အင်အားပြင်းငလျင်လှုပ်ခဲ့ပြီးနောက် ငလျင်ဒဏ်ခံစားခဲ့ရသော ငလျင်ဒုက္ခသည်များအပေါ် ဝမ်းနည်းကြောင်း ဖော်ပြခဲ့သည့်မိန့်ခွန်းကို ကီရှီဒါက ဇန်နဝါရီ ၃၀ ရက် ပြောကြားခဲ့သည်။

၂၀၂၄ ဘဏ္ဍာနှစ် သီးသန့်ရန်ပုံငွေကို ယန်းတစ်ထရီလီယံ သို့မဟုတ် အမေရိကန်ဒေါ်လာ ၆ ဒသမ ၈ ဘီလီယံအထိ နှစ်ဆတိုးမြှင့်ခဲ့ကြောင်း၊ ထို့ပြင် ငလျင်ဒဏ်သင့်ဒေသများတွင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ငန်းအဖွဲ့တစ်ခုကိုလည်း ဦးဆောင်သွားမည်ဖြစ်ကြောင်း၊ ငလျင်ဒဏ်သင့်ဒေသကြီးတစ်ခုလုံး ပြန်လည်ဖွံ့ဖြိုးတိုးတက်လာသည်အထိ အစိုးရကတာဝန်ယူသွားမည်ဖြစ်ကြောင်းလည်း ကီရှီဒါက ထပ်လောင်းပြောကြားခဲ့သည်။

ရန်ပုံငွေအရှုပ်တော်ပုံနှင့်ပတ်သက်ပြီး အမုန်တကယ် စိတ်မကောင်းဖွယ်ကောင်းကြောင်းနှင့် ရိုးသားစွာတောင်းပန်ကြောင်း ကီရှီဒါက ပြောသည်။ အခြားပါတီများနှင့်သာမက လွှတ်တော်အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် နိုင်ငံရေးရန်ပုံငွေထိန်းချုပ်ရေးဥပဒေ ပြန်လည်သုံးသပ်ရေး အပါအဝင် ဥပဒေရေးရာ ဆောင်ရွက်ချက်များကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကီရှီဒါက ပြောသည်။

လစ်ဘရယ်ဒီမိုကရက်တစ်ပါတီသည် အစိုးရအဖွဲ့နှင့် ပါတီအတွင်း အရေးကြီးထိပ်တန်းနေရာများကို ဘေးကင်းလုံခြုံစေရန်နှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များ၌ ပါဝင်နေချိန်တွင် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ ဂိုဏ်းဂဏကွဲလာကြောင်း ဝန်ကြီးချုပ်က ဝန်ခံခဲ့သည်။ ထို့ကြောင့် မိမိအနေဖြင့် ရိုးသားစွာ နောင်တရစိတ်မကောင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး မူဝါဒရေးရာအကောင်အထည်ဖော်သောအဖွဲ့များကို ငွေကြေးနှင့် ပုဂ္ဂိုလ်ရေးရာများကို လုံးဝကွဲပြားအောင် လုပ်ဆောင်သွားမည်ဟု ဆုံးဖြတ်ထားကြောင်း ဝန်ကြီးချုပ်က ပြောသည်။

အင်န်အိတ်ချ်ကေ

# တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် ပါကစ္စတန်နှင့် အီရန် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၃၀**




စစ်သွေးကြွပစ်မှတ်များကို နယ်စပ်ဖြတ်ကျော် ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှု ပြုလုပ်ပြီးနောက် တင်းမာမှုများအား ကျော်လွှားနိုင်ရေး ကြိုးပမ်းရာတွင် ပါကစ္စတန်နှင့် အီရန်နိုင်ငံခြားရေးဝန်ကြီးများသည် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန် သဘောတူခဲ့ကြကြောင်း သိရသည်။

အီရန် နိုင်ငံခြားရေးဝန်ကြီး ဟော့စ်ဆိန်း အမီအဗ္ဗဒူလာအန်းသည် ပါကစ္စတန်နိုင်ငံသို့ ရောက်ရှိနေပြီး ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီး ဂျာလီ အဗ္ဗဂျီလာနီနှင့် ဇန်နဝါရီ ၂၉ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။ အကြမ်းဖက်ဝါဒ နှိမ်နင်းရေးနှင့်ပတ်သက်ပြီး ပူးပေါင်း ဆောင်ရွက်သွားကြရန် သဘောတူခဲ့ကြကြောင်း တွေ့ဆုံဆွေးနွေးအပြီး သတင်းစာရှင်းလင်းပွဲတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက ပြောသည်။

နှစ်နိုင်ငံစလုံးတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဆက်သွယ်နိုင်သော ခိုင်မာအားကောင်းသည့် ဆက်သွယ်ရေး လမ်းကြောင်းများ သဖွယ် အဖွဲ့အစည်းများရှိပြီး ၎င်းတို့ကို အပြည့်အဝအသုံးပြုသင့်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ဂျီလာနီက အလေးအနက်ထား ပြောသည်။

ဇန်နဝါရီ ၁၆ ရက်တွင် အီရန်နိုင်ငံသည် ဆွန်နီမွတ်စလင် စစ်သွေးကြွအဖွဲ့ အသုံးပြုသော အခြေစိုက်စခန်းတစ်ခုကို ပစ်မှတ်ထားကာ ဒုံးကျည်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ အီရန်ဘက်ခြမ်းရှိ ခွဲထွက်ရေး စစ်သွေးကြွအဖွဲ့၏ အမာခံ နယ်မြေများကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်ကြောင်း ဒရုန်းတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် နှစ်ရက်အကြာတွင် ပါကစ္စတန်က တုံ့ပြန်ပြောသည်။

နယ်စပ်ဒေသ၏ လုံခြုံရေးအခြေအနေမှာ စိတ်ချရခြင်း မရှိသေးကြောင်း၊ နိုင်ငံ၏ အရှေ့တောင်ဘက်တွင် အမည်မသိသေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် ဇန်နဝါရီ ၂၉ ရက်တွင် ပါကစ္စတန်နိုင်ငံသား ကိုးဦး သေဆုံးခဲ့ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောသည်။

အင်န်အိတ်ချ်ကေ

# ဂါဇာကမ်းမြောင်ဒေသတွင် ပါလက်စတိုင်း သေဆုံးသူအရေအတွက် မြင့်တက်

ဂါဇာ ဇန်နဝါရီ ၃၀

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းသေဆုံးသူဦးရေသည် ၂၆၇၅၁ ဦးအထိ မြင့်တက်လာပြီး ဒဏ်ရာရရှိသူ ၆၅၆၃၆ ဦးအထိ ရှိလာခဲ့ကြောင်း ဟားမားစ်ကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၃၀ ရက်က ပြောကြားခဲ့သည်။

ကျန်းမာရေးဌာန ပြောရေးဆိုခွင့်ရှိသူ အာရှာရက်ဖ်အယ်ကေးဒရာက လွန်ခဲ့သော ၂၄ နာရီအတွင်း အစ္စရေးတပ်ဖွဲ့က ပါလက်စတိုင်း ၁၁၄ ဦးကို သတ်ဖြတ်ခဲ့ပြီး ၂၄၉ ဦးကို ဒဏ်ရာအနာတရဖြစ်စေခဲ့ကြောင်း ပြောသည်။

### အစ္စရေးတို့ဝန်းရံသိမ်းပိုက်

ဇန်နဝါရီ ဒုတိယသီတင်းပတ်အထိ တောင်ပိုင်းဂါဇာကမ်းမြောင်ဒေသ ခန်ယွန်းနစ်ရှိ နက်ဆာ ဆေးဘက်ဆိုင်ရာ အဆောက်အအုံအထိ အစ္စရေးတို့၏ ဝန်းရံသိမ်းပိုက်မှုရောက်ရှိလာပြီဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

### ဆေးဘက်ဆိုင်ရာအဆောက်အအုံများ ရပ်နားထားရတော့မည်

ဆေးဘက်ဆိုင်ရာ အဆောက်အအုံအတွင်းရှိ မီးစက်များမှာလည်း နောက်နှစ်ရက်အတွင်း စက်သုံးဆီပြတ်လပ်မှုကြောင့် ရပ်နားထားရတော့မည်ဖြစ်ကြောင်း လူနာများနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများအတွက် ပိုမိုခက်ခဲတော့မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။


ဆင်ဟွာ

# အာဖဂန်နစ္စတန်နိုင်ငံ၌ ကလေးငယ် ၇ ဒသမ ၅ သန်းကျော် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမည်

**ကဘူးလ် ဇန်နဝါရီ ၃၀**

အာဖဂန်နစ္စတန်နိုင်ငံ ပြည်နယ် ၃၄ ခုအနက် ၂၁ ခုတွင် အသက်ငါးနှစ်အောက် ကလေးငယ် ၇ ဒသမ ၅ သန်းကျော်မှာ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးမှု ခံယူသွားမည်ဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာနက ထုတ်ပြန်ချက်အရ သိရသည်။

ဇန်နဝါရီ ၂၉ ရက်တွင် စတင်သော ပိုလီယို ကာကွယ်ဆေးတိုက်ကျွေးမှု လေးရက်ကြာ လှုပ်ရှားမှုအတွင်း ပြည်နယ် ၂၁ ခုရှိ ခရိုင် ၂၃၃ ခုမှ အသက် ငါးနှစ်အောက် ကလေးငယ် ၇၅၈၀၀၈၅ ဦးမှာ ပိုလီယို ကာကွယ်ဆေးတိုက်ကျွေးမှုကို ခံယူသွားမည်ဖြစ်သည်။



ပိုလီယိုရောဂါကို အမြစ်ဖြတ်နိုင်ရန်အလို့ငှာ အလားတူလှုပ်ရှားမှုကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၂၉ ရက်ကလည်း အာဖဂန်နစ္စတန်နိုင်ငံတွင် ဆောင်ရွက်ခဲ့ရာ အသက်ငါးနှစ်အောက် ကလေးငယ် ၇ ဒသမ ၅ သန်း ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးမှု ခံယူခဲ့ကြသည်။

၂၀၂၃ ခုနှစ်တွင် အာဖဂန်နစ္စတန်နိုင်ငံ၌ ပိုလီယိုရောဂါဖြစ်ပွားသူ ခြောက်ဦး တွေ့ရှိခဲ့ကြောင်း၊ ယခုနှစ်တွင် လက်ရှိအချိန်အထိ ပိုလီယိုရောဂါဖြစ်ပွားသူ တွေ့ရှိခြင်းမရှိသေးကြောင်း သိရသည်။ တစ်ကမ္ဘာလုံးတွင် ပိုလီယိုရောဂါဖြစ်ပွားသော နိုင်ငံနှစ်နိုင်ငံသာကျန်ရှိပြီး ၎င်းတို့မှာ အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံတို့ဖြစ်ကြောင်း ကုလသမဂ္ဂကလေးများ အရေးပေါ်ရန်ပုံငွေအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ

# ၂၀၂၃ ခုနှစ်အတွင်း လေးကြိမ်ဆက်တိုက် ကမ္ဘာ့ကားရောင်းအား အကောင်းဆုံး ကားထုတ်လုပ်သူအဖြစ် တိုယိုတာ ရပ်တည်

**တိုကျို ဇန်နဝါရီ ၃၀**

တိုယိုတာကားကုမ္ပဏီသည် ၂၀၂၃ ခုနှစ်အတွင်း လေးကြိမ်ဆက်တိုက် ကမ္ဘာ့ကားရောင်းအား အကောင်းဆုံး ကားထုတ်လုပ်သူအဖြစ် မှတ်တမ်းတင်ခဲ့သည်။ ကားဈေးကွက်တွင် ဂျာမန်ပြိုင်ဘက် ဖော့စ်ဝက်ဂန််အုပ်စုသည် တိုယိုတာကို ကျော်မတက်နိုင်ဘဲ ဒုတိယနေရာ၌သာ ရပ်တည်ခဲ့ရသည်။

ဒိုင်ဟတ်ဆု၊ ဟီးနိုးကုမ္ပဏီများအပါအဝင် ကမ္ဘာ့ရောင်းအားသည် စံချိန်တင်ပမာဏအထိ မြင့်တက်လာခဲ့ပြီး ယမန်နှစ်ထက် ၇ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း တိုယိုတာက ပြောသည်။

တစ်ပိုင်းလျှပ်ကူးပစ္စည်းများ ပြတ်လပ်မှုကြောင့် ခဏတာ ကားအရောင်း ကျဆင်းခဲ့သော်လည်း နောက်ပိုင်းတွင် ဥရောပနှင့် မြောက်အမေရိကတို့၌ ကားဝယ်လိုအား အဆမတန်မြင့်တက်လာခဲ့ကြောင်း တိုယိုတာက ပြောသည်။

အင်န်အိတ်ချ်ကေ



# သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ သုတေသနအကြံပေးကော်မတီ စတုတ္ထအကြိမ်မြောက် အစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၀

**သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ သုတေသနအကြံပေးကော်မတီ စတုတ္ထအကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃၉) သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သုတေသီများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။** (ယာပုံ)



ဦးစွာ ဒုတိယဝန်ကြီး ဦးမင်းသူက နိုင်ငံတော်၏ သဘာဝသယံဇာတ အရင်းအမြစ်များဖြစ်သည့် သစ်တောသယံဇာတ၊ သတ္တုသယံဇာတ၊ ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို လက်ရှိနှင့် အနာဂတ်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးအရှိဆုံးဖြစ်အောင် စနစ်တကျ စီမံအုပ်ချုပ်အသုံးချနိုင်မည့် စနစ်များ ချမှတ်ရာတွင် သုတေသန ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါသည့်ကဏ္ဍတွင် ရောက်ရှိနေကြောင်း၊ သစ်တောသုတေသနဌာန တည်ထောင်ခဲ့သည့် သက်တမ်းသည် နှစ်ပေါင်း ၄၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်ပြီး သစ်တောသုတေသနဌာနမှ စာတမ်းပေါင်း ၄၀၃ စောင်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်နှင့် အခြားလုပ်ငန်း/ဌာနများမှသုတေသန စာတမ်းပေါင်း ၁၅၈ စောင်၊ စုစုပေါင်း ၅၆၁ စောင်ကို ထုတ်ဝေနိုင်ခဲ့ကြောင်း။

ဝန်ကြီးဌာနအနေဖြင့် သစ်တောနှင့် ဓာတ်သတ္တုသယံဇာတများရေရှည်တည်တံ့စေရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုစီးပွားရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အရည်အသွေးပြည့်မီသော လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် အချို့သော သုတေသနလုပ်ငန်းများအတွက် သတ္တုကဏ္ဍနှင့် သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းနိုင်မည့် သုတေသနများ၊ သတ္တုကဏ္ဍတွင်လည်း ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေ၍ ရေရှည်တည်တံ့စေမည့် ဒီဇိုင်းများ ရေးဆွဲဆောင်ရွက်ရန် လိုအပ်သည့်အတွက် ယခုကျင်းပသည့် စတုတ္ထအကြိမ်မြောက် သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သုတေသနအကြံပေးကော်မတီအစည်းအဝေးကို တက်ရောက်လာကြသည့် ဌာနဆိုင်ရာအကြီးအကဲများက ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် (၃၅) ကြိမ်မြောက် သစ်တော၊ သတ္တုနှင့်ပတ်ဝန်းကျင်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲတွင်လည်း ဝန်ကြီးဌာနအတွင်းရှိ တက္ကသိုလ်၊ လုပ်ငန်း၊ ဌာနများမှ စာတမ်းပေါင်း ၂၉ စောင်ကို ဖတ်ကြားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်ရွေးချယ်မှုပြီးစီး၊ ဧပြီလကုန်တွင် လူရည်ချွန်စခန်းများသို့ ပို့ဆောင်ပေးသွားမည်

**နေပြည်တော် ဇန်နဝါရီ ၃၀**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်စီမံကိန်းဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် ၁၃ ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အမြဲတမ်းအတွင်းဝန်၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက ပညာရေးဝန်ကြီးဌာနသည် လူငယ်၊ မောင်မယ်များကို လူရည်ချွန်၊ လူရည်မွန်များဖြစ်လာရန်၊ ကျန်းမာသန်စွမ်းသော ကိုယ်ကာယ၊ ကောင်းမြတ်သော အကျင့်စာရိတ္တတို့နှင့်ပြည့်စုံစေပြီး အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများပြုစုပျိုးထောင်ပေးရန် လိုအပ်သည်နှင့်အညီ လူရည်ချွန်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ယခုအခါ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ဗဟိုအဆင့် လူရည်ချွန် ပဏာမရွေးချယ်မှုလုပ်ငန်း အောင်မြင်စွာပြီးစီးပြီးဖြစ်သည့်အတွက် ၂၀၂၄ ခုနှစ် ဧပြီလကုန်တွင် လူရည်ချွန်စခန်းအသီးသီးသို့ ပို့ဆောင်ပေးသွားမည်ဖြစ်ပါကြောင်း။



လူရည်ချွန် စီမံကိန်းသည် ၁၉၆၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၈၈ ခုနှစ်အထိ (၂၅) ကြိမ်မြောက် ငွေရတုလူရည်ချွန်စီမံကိန်းကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၁၉၈၈ ခုနှစ်တွင် ခေတ္တရပ်နားခဲ့သည့် လူရည်ချွန်စီမံကိန်းကို ၂၀၁၃ ခုနှစ်တွင် "ဘက်စုံပညာ ထူးချွန်လူငယ်" စီမံကိန်းအဖြစ် ပြန်လည်ဆောင်ရွက်ခဲ့ပါကြောင်း၊၂၀၁၈ ခုနှစ်တွင် "ဘက်စုံပညာ ထူးချွန်လူငယ်စီမံကိန်း" အစား "လူရည်ချွန်စီမံကိန်း" အမည်ဖြင့် ပြန်လည်ပြင်ဆင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် လူရည်ချွန်မောင်၊ မယ်များကို ရွေးချယ်နိုင်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုအခြေအနေအရ လူရည်ချွန်စခန်းများသို့ စေလွှတ်ခြင်းကို ရပ်နားခဲ့ရပါကြောင်း၊ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်များတွင် ရောဂါကူးစက်ပြန့်ပွားမှု ထိန်းချုပ်မှုအခြေအနေအရ လူရည်ချွန်စီမံကိန်းကို ခေတ္တရပ်နားခဲ့ရာမှ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အောင်မြင်စွာ ပြန်လည် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ယခု ပညာသင်နှစ်တွင် အလယ်တန်းအဆင့်၏နောက်ဆုံးအတန်းဖြစ်သည့် နဝမတန်းလူရည်ချွန်များ၊ အထက်တန်းအဆင့်ဖြစ်သည့် ဒသမတန်းလူရည်ချွန်များ၊ ကောဒသမတန်း လူရည်ချွန်များ၊ ဒွါဒသမတန်း လူရည်ချွန်များကို ခရိုင်ဆင့်(ဗဟိုအဆင့်) ရွေးချယ်မွေးထုတ်၍ (ပုဂံ၊ တောင်ကြီး၊ ငွေဆောင်၊ ချောင်းသာ) စသည့် လူရည်ချွန်စခန်း အသီးသီးသို့ လေ့လာရေးခရီးစဉ်များ စေလွှတ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်က ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်စီမံကိန်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်စီမံကိန်း အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပါဝင်ကူညီဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးတွင် ပြီးခဲ့သည့်နှစ်က နေလှန်းဆား မက်ထရစ်တန် တစ်သိန်းလေးသောင်းကျော် ထွက်ရှိခဲ့ပြီး ယခုနှစ်တွင်လည်း အယ်လ်နီညိုရာသီဥတုကြောင့် ပိုမိုထွက်ရှိနိုင်မည်ဟု မျှော်မှန်းထား

ဧရာဝတီတိုင်းဒေသကြီးတွင် ၂၀၂၂-၂၀၂၃ ဆားရာသီက နေလှန်းဆားမက်ထရစ်တန် တစ်သိန်း လေးသောင်းနှစ်ထောင် ထွက်ရှိခဲ့ပြီး ယခုနှစ်အတွင်းလည်း အယ်လ်နီညိုရာသီဥတုကြောင့် ပိုမိုထွက်ရှိနိုင်မည်ဟု မျှော်မှန်းထားကြောင်း ဧရာဝတီတိုင်းဒေသကြီး ဆားထုတ်လုပ်မှုလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် နေလှန်းဆားထုတ်လုပ်ရန်အတွက် အောက်တိုဘာလဝန်းကျင်မှစ၍ ဆားကွင်းအချို့ စတင်ပြင်ဆင်ကြပြီး ဇန်နဝါရီလတွင် နေလှန်းဆားများ စတင်ထွက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

"ဆားရာသီက အောက်တိုဘာလပိုင်းကစလို့ ဆားကွင်းစတင်ပြင်ဆင်ကြပြီး ဇန်နဝါရီလအတွင်း ဆားအနည်းငယ်စတင်ထွက်တာက မေလကုန်အထိပေါ့။ ပြီးခဲ့တဲ့ ၂၀၂၂-၂၀၂၃ ဆားရာသီက တစ်သိန်းလေးသောင်းနှစ်ထောင်မက်ထရစ်တန် ထွက်ရှိခဲ့တယ်။ ဒီနှစ်မှာပိုပြီး မျှော်လင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အယ်လ်နီညိုဆိုတော့ ဆားနဲ့က မိတ်ဖက်ပေါ့။ ပိုရနိုင်တယ်လို့ မျှော်မှန်းပါတယ်။ မိုးက ကြားပေါက်ကြားပေါက်ရွာရင်တော့ မကောင်းဘူးပေါ့ဗျာ" ဟု ဧရာဝတီတိုင်းဒေသကြီး ဆားထုတ်လုပ်မှုလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ၂၀၂၀-၂၀၂၁ ဆားရာသီက မိုးရွာသွန်းမှုများ ရှိခဲ့သော်လည်း နေလှန်းဆား တစ်သိန်းတစ်ထောင်ကျော် ထွက်ရှိခဲ့ပြီး ၂၀၂၁-၂၀၂၂ ဆားရာသီတွင် ရာသီဥတုကောင်းမွန်မှုကြောင့် နေလှန်းဆား တစ်သိန်းလေးသောင်း နှစ်ထောင်မက်ထရစ်တန်အထိ ထွက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီးတွင် ပြီးခဲ့သည့်ရက်ပိုင်းက မိုးရွာသော်လည်း ဆားကွင်းအချို့မှာ ပြင်ဆင်နေသည့်အချိန်သာ ဖြစ်နေသေးကာ ဆားလှန်းထားသူများအနေဖြင့်လည်း မိုးလေဝသသတင်းများကို စောင့်ကြည့်၍ အချိန်မီကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ထားသည့်အတွက် ထိခိုက်ပျက်စီးမှု နည်းပါးကြောင်းလည်း သိရသည်။

"မိုးရွာပေမဲ့ ထိခိုက်ပျက်စီးမှုက အများကြီးတော့မရှိပါဘူး။ ဆားကွင်းအချို့က အခုမှပြင်ဆင်နေတဲ့ အချိန်ရှိတယ်။ ပြီးတော့ မိုးလေဝသသတင်းတွေစောင့်ကြည့်ကြတယ်။ ဆားလှန်းထားတဲ့သူတွေ ကလည်း ကြိုတင်ပြင်ဆင်ကြတော့ ပျက်စီးမှုက သိပ်မရှိဘူး" ဟု အထက်ပါ တာဝန်ရှိသူကပြောသည်။

ဧရာဝတီတိုင်းဒေသကြီးမှနေလှန်းဆားများကို ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး အထိတင်ပို့နေပြီး မိုးရွာသွန်းမှုကြောင့် ပြီးခဲ့သည့်အပတ်တွင် ဆားချောတစ်ပိဿာကို ကျပ် ၃၀၀ မှ ၂၈၀ သို့ ဈေးအနည်းငယ် တက်သွားကြောင်း သိရသည်။ **MT**



ပျော်ဘွယ်မြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးမီးဘေးကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇန်နဝါရီ ၃၀ ရက်က အဆိုပါဈေးတွင် ပြုလုပ်ခဲ့ရာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးက မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်နည်းများကို ဈေးသူဈေးသားများအား လက်တွေ့ပြုလုပ်စဉ်။

မင်းမင်းထွေး(ပျော်ဘွယ်)

# ပလိပ်အင်းနှင့် ပြူကန် အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာ လမ်းကြောင်းရှိ ငှက်ပျံသန်းကွန်ရက်နယ်မြေများ

ဒေါက်တာဆုစန္ဒာအောင်

### အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာ လမ်းကြောင်း ပူးပေါင်းဆောင်ရွက်မှုမိတ်ဖက်အဖွဲ့အစည်း (East Asian–Australian Flyway Partnership– EAAFP)

EAAFP ကို ၂၀၀၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အတွင်းရေးမှူးရုံးကို ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းမြို့၌ ရုံးစိုက်ထားရှိပါသည်။ ယနေ့အထိ အဖွဲ့ဝင်နိုင်ငံ ၁၉ နိုင်ငံ၊ နိုင်ငံတကာအစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ အေဂျင်စီ (Intergovernmental Agency) များ၊ အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်း (International Non–Government Organizations–INGOs) များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ (International Organizations) များ ၂၁ ခု၊ စုစုပေါင်း အဖွဲ့ဝင်နိုင်ငံ၊ မိတ်ဖက်အဖွဲ့အစည်း ၄၀ ဖြင့် ဖွဲ့စည်းထားပါသည်။ အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာ လမ်းကြောင်းရှိ ငှက်ပျံသန်းကွန်ရက်နယ်မြေ ၁၅၅ ခု သတ်မှတ်ထားပြီးဖြစ်ရာ မြန်မာနိုင်ငံတွင် ငှက်ပျံသန်းကွန်ရက်နယ်မြေရှစ်ခု သတ်မှတ်ထားရှိပြီး ဖြစ်ပါသည်။

အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာ လမ်းကြောင်း (East Asian–Australian Flyway–EAAF)သည် ကမ္ဘာပေါ်ရှိ ရွှေ့ပြောင်းရေပျော်ငှက်များ ပျံသန်းရာ အဓိကလမ်းကြောင်း ကိုးခုတွင် တစ်ခု အပါအဝင်ဖြစ်ပြီး ရုရှားမှ အရှေ့ဘက်အလက်စကား၊ ၎င်းမှတစ်ဆင့် အရှေ့အာရှ၊ အရှေ့တောင်အာရှ၊ ဩစတြေးလျနှင့် နယူးဇီလန်အထိ ကျယ်ဝန်းပါသည်။ အဆိုပါလမ်းကြောင်း၌ ရေပျော်ငှက်များ ရွှေ့ပြောင်းရာတွင် ခေတ္တနားခိုရန်နှင့် အစာရေစာဖြည့်တင်းရန်အတွက် အရေးကြီးသော ရေဝပ်ဒေသများ တည်ရှိပါသည်။

### EAAFP သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရခြင်းနှင့် အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာ လမ်းကြောင်းရှိ ငှက်ပျံသန်းကွန်ရက်နယ်မြေများ သတ်မှတ်ရခြင်း ရည်ရွယ်ချက်

EAAFP သည် အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာ လမ်းကြောင်း (EAAF) တွင် ပျံသန်းကျက်စားလျက်ရှိသော ရွှေ့ပြောင်းရေပျော်ငှက်မျိုးစိတ်များနှင့် ၎င်းတို့ကျက်စားရာဒေသများကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ ဆောင်းခိုရေပျော်ငှက်များနှင့် ၎င်းတို့၏ နေရင်းဒေသများ ထိန်းသိမ်းရေးဆောင်ရွက်နေမှု သတင်းအချက်အလက်များကို အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း သတင်းအချက်အလက်မျှဝေနိုင်ရန် ရည်ရွယ်၍ ဖွဲ့စည်းထားသော အဖွဲ့အစည်း ဖြစ်ပါသည်။

EAAFP သည် ရမ်ဆာကွန်ဗင်းရှင်း (Ramsar Convention) ခေါ် ရေဝပ်ဒေသများ ကွန်ဗင်းရှင်း (Convention on Wetlands)ကို အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် ဖွဲ့စည်းထားသော Ramsar Regional Initiative (RRI) တစ်ခုလည်း ဖြစ်ပါသည်။

ရေဝပ်ဒေသများ ထိန်းသိမ်းရေးသည် သက်ရှိလူသားများနှင့်ရွှေ့ပြောင်းရေပျော်ငှက်များအတွက် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေပြီး အရှေ့တောင်အာရှနိုင်ငံများရှိ ရေဝပ်ဒေသများသည် ရွှေ့ပြောင်းရေပျော်ငှက်များ၏ အစားအစာနှင့် သားပေါက်ရန်အတွက် အရေးကြီးသောနေရာများ ဖြစ်ပါသည်။

### မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပလိပ်အင်းနှင့် တံတားဦးမြို့နယ် ပြူကန်တို့ကို အရှေ့ အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာ လမ်းကြောင်းရှိ ငှက်ပျံသန်းကွန်ရက်နယ်မြေ အဖြစ်အတည်ပြု သတ်မှတ်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းနှင့် အတည်ပြု သတ်မှတ်ပြီးစီးခြင်း

သစ်တောဦးစီးဌာနသည် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း (Biodiversity and Nature Conservation Association–BANCA) ၏ ကိန်းဂဏန်းအချက်အလက်ပံ့ပိုးမှုဖြင့် ပလိပ်အင်းနှင့် ပြူကန်တို့ကို အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်း ငှက်ပျံသန်း ကွန်ရက်နယ်မြေအဖြစ် အတည်ပြုသတ်မှတ်နိုင်ရေးအတွက် EAAFP အတွင်းရေးမှူးရုံးသို့ အဆိုပြုခြင်း လုပ်ငန်းစဉ်များကို ၂၀၂၂ ခုနှစ် ဩဂုတ် ၁၀ ရက်မှ စတင်၍ ဆောင်ရွက်ခဲ့ပြီး လိုအပ်သည့် သတင်းအချက်အလက်များ မွမ်းမံပြင်ဆင်ခြင်းကို အဆင့်ဆင့် ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံ၏ သတ္တမမြောက်နှင့် အဋ္ဌမမြောက် ငှက်ပျံသန်းကွန်ရက်နယ်မြေများအဖြစ် ပလိပ်အင်း (EAAF 154) နှင့် ပြူကန် (EAAF 155) တို့ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် အတည်ပြုသတ်မှတ်ကြောင်း ကြေညာခဲ့ပါသည်။ ပလိပ်အင်းနှင့်ပြူကန်တို့သည် မျိုးသုဉ်းရန်အန္တရာယ်ရှိသော(သို့မဟုတ်) မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သော ရေပျော်ငှက်မျိုးစိတ် (သို့မဟုတ်) မျိုးစိတ်ကွဲတစ်ခုချင်းစီ၏ အကောင်ရေပေါင်း တစ်ရာခိုင်နှုန်းခန့် ပံ့မှန်ထောက်ပံ့ပေးနိုင်ခြင်း၊ မျိုးသုဉ်းရန် အန္တရာယ်ရှိသော (သို့မဟုတ်) မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သော ရေပျော်ငှက်မျိုးစိတ်များစွာကို ထောက်ပံ့ပေးနိုင်ခြင်း၊ ဒေသရွှေ့ပြောင်းငှက်များအတွက် ဆောင်းခိုရာဒေသတစ်ခုဖြစ်ပြီး ရေပျော်ငှက်ကောင်ရေ ၅၀၀၀ ကျော်



**"ပလိပ်အင်းနှင့်ပြူကန်တို့သည် မျိုးသုဉ်းရန်အန္တရာယ်ရှိသော(သို့မဟုတ်) မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သော ရေပျော်ငှက်မျိုးစိတ် (သို့မဟုတ်) မျိုးစိတ်ကွဲတစ်ခုချင်းစီ၏ အကောင်ရေပေါင်း တစ်ရာခိုင်နှုန်းခန့်ပုံမှန်ထောက်ပံ့ပေးနိုင်ခြင်း၊ မျိုးသုဉ်းရန် အန္တရာယ်ရှိသော (သို့မဟုတ်) မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သော ရေပျော်ငှက်မျိုးစိတ်များစွာကို ထောက်ပံ့ပေးနိုင်ခြင်း၊ ဒေသရွှေ့ပြောင်းငှက်များအတွက် ဆောင်းခိုရာဒေသတစ်ခုဖြစ်ပြီး ရေပျော်ငှက်ကောင်ရေ ၅၀၀၀ ကျော် (သို့မဟုတ်) အဆိုပါဒေသ၌ Population Stage တစ်ခု၏ ငှက်ကောင်ရေ ဝ ဒသမ ၂၅ ရာခိုင်နှုန်းကျော် ကျရောက်ကျက်စားနိုင်သော ရေဝပ်ဒေသတစ်ခုဖြစ်ခြင်း အစရှိသည့် စံသတ်မှတ်ချက်များနှင့် ကိုက်ညီသည့်အတွက် အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာ လမ်းကြောင်းရှိ ငှက်ပျံသန်းကွန်ရက်နယ်မြေအဖြစ် သတ်မှတ်ခံရခြင်းဖြစ်"**

(သို့မဟုတ်) အဆိုပါဒေသ၌ Population Stage တစ်ခု၏ ငှက်ကောင်ရေ ဝ ဒသမ ၂၅ ရာခိုင်နှုန်းကျော် ကျရောက်ကျက်စားနိုင်သော ရေဝပ်ဒေသတစ်ခုဖြစ်ခြင်း အစရှိသည့် စံသတ်မှတ်ချက်များနှင့် ကိုက်ညီသည့်အတွက် အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာ လမ်းကြောင်းရှိ ငှက်ပျံသန်းကွန်ရက်နယ်မြေအဖြစ် သတ်မှတ်ခံရခြင်း ဖြစ်ပါသည်။

ပလိပ်အင်းသည် ဧရိယာစုစုပေါင်း ၁၁၈၆ ဧကကျယ်ဝန်းပြီး သုတေသနဆောင်ရွက်ချက်များအရ ကမ္ဘာပေါ်တွင် မျိုးသုဉ်းရန် အန္တရာယ်ရှိသည့် ရေပျော်ငှက်များ၊ ဆောင်းခိုငှက်များ အမှီပြုနေထိုင်ရာ အလွန်အရေးကြီးသော မြန်မာနိုင်ငံအလယ်ပိုင်းရှိ သဘာဝရေဝပ်ဒေသ တစ်ခုဖြစ်သည့်အပြင် ပတ်ဝန်းကျင်ရှိကျေးရွာများမှ စိုက်ပျိုးရေးနှင့် ငါးဖမ်းခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြပါသည်။

ပလိပ်အင်းအတွင်း ငှက်မျိုးစိတ်များဝင်ရောက်ဆောင်းခိုသည့်အခါ ငှက်ချစ်မြတ်နိုးသူများက အင်းအတွင်း ငှက်ဓာတ်ပုံများ ရိုက်ကူးနိုင်သော အခွင့်အလမ်းများ၊ ဘုရား၊ စေတီပုထိုးများ၊ ရေနေသတ္တဝါမျိုးစိတ်များ၊ ဒေသခံတောင်သူလယ်သမားများ၏ စိုက်ခင်းများနှင့် လူနေမှုဘဝများကို လေ့လာခွင့်ရမည့် အခွင့်အရေးများအပြင် ပလိပ်အင်းကို ထိန်းသိမ်းခြင်းဖြင့် ဒေသတွင်း ဝင်ငွေတိုးပွားလာစေရေး တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

ပလိပ်အင်းရေဝပ်ဒေသ ပျက်စီးပျောက်ကွယ်သွားပါက မြန်မာနိုင်ငံ *စာမျက်နှာ ၁၇ သို့*





*စာမျက်နှာ ၁၆ မှ*

အလယ်ပိုင်းအတွက် ရေချိုလျော့နည်းမှုဒဏ်၊ အပူလွန်ကဲခြင်းဒဏ်၊ ရောဂါပိုးမွှားတို့၏ ဒဏ်တို့ကို အလျင်အမြန် ခံစားလာကြရမည်ဖြစ်သောကြောင့် အဆိုပါရေဝပ်ဒေသကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်လိုအပ်မည် ဖြစ်ပါသည်။

ပြူကန်သည် လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၀၀ ခန့်က ပုဂံမင်းဆက်လက်ထက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် ရည်ရွယ်ချက်ဖြင့် တူးဖော်ခဲ့ခြင်း ဖြစ်ပါသည်။ ပြူကန်သည် ဧရိယာ စုစုပေါင်း ၅၇၈ ဧက ကျယ်ဝန်းပြီး ဆည်မြောင်း၊ တူးမြောင်းများမှတစ်ဆင့် ပတ်ဝန်းကျင် စိုက်ပျိုးမြေများသို့ ရေများ ထောက်ပံ့ပေးလျက်ရှိပါသည်။

ပို့ချပ်ခေါင်းစိမ်း (Baer's pochard) နှင့် တောဘဲငန်းများ၊ ဘဲမျိုးစိတ်များစသည့် အခြားရွှေ့ပြောင်းရေပျော်ငှက်မျိုးစိတ်များသည် မြန်မာနိုင်ငံအလယ်ပိုင်း ပြူကန်ရေဝပ်ဒေသတွင် ပေါများစွာ တွေ့ရခြင်း၊ အထူးသဖြင့် ဇီဝမျိုးစုံ မျိုးကွဲများ၏ ဂေဟာစနစ်နှင့် ရွှေ့ပြောင်းရေပျော်ငှက်မျိုးစိတ်များကို ဝန်ဆောင်မှုပေးနိုင်သည့် အဖိုးမဖြတ်နိုင်သော ရေဝပ်ဒေသဂေဟာစနစ်ရှိခြင်းတို့ကြောင့် ပြူကန်ရေရှည်တည်တံ့နိုင်စေရန်အတွက် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်ပါသည်။

ဆောင်းရာသီအတွင်း ဆောင်းခိုငှက်နှင့် ရေပျော်ငှက်မျိုးစိတ်များ ဝင်ရောက်ဆောင်းခိုသည့်အခါ အင်းအတွင်း ငှက်ခေတ်ပုံများ ရိုက်ကူးနိုင်သော အခွင့်အလမ်းများရရှိနိုင်မည် ဖြစ်သည့်အပြင် ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝများကို လေ့လာနိုင်မည်ဖြစ်ခြင်း၊ ဒေသအခြေပြုခရီးသွားလုပ်ငန်းများကို ခရီးသွားဧည့်သည်များအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ ဒေသခံတောင်သူလယ်သမားများ၏ စိုက်ခင်းများမှ ထွက်ရှိသော သဘာဝထုတ်ကုန်များနှင့် ဒေသခံများ၏ တစ်နိုင်တစ်ပိုင်လုပ်ငန်းများကိုလည်း စိတ်ဝင်စားဖွယ်လေ့လာနိုင်မည့် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ပါသည်။

ရေဝပ်ဒေသများသည် မြန်မာနိုင်ငံရှိ သဘာဝပတ်ဝန်းကျင်၏ အရေးကြီးဆုံး အစိတ်အပိုင်းတစ်ခုဖြစ်ပြီး နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ ရာသီဥတုထိန်းညှိပေးမှုတို့အတွက် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ရေဝပ်ဒေသများကို ကောင်းမွန်စွာ ထိန်းသိမ်းခြင်း၊ စီမံအုပ်ချုပ်ခြင်း၊ အကျိုးရှိစွာ အသုံးပြုခြင်းတို့သည် ရေဝပ်ဒေသများမှရရှိသည့် သဘာဝအရင်းအမြစ်များနှင့် ဝန်ဆောင်မှုများကို အနာဂတ်မျိုးဆက်များအတွက် ရေရှည်တည်တံ့စေမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် နိုင်ငံအဆင့်နှင့် ကမ္ဘာ့အဆင့် ထူးခြားသည့် ရေဝပ်ဒေသများကို ပံ့ပိုးပေးသည့် နေရာအများအပြားကိုပိုင်ဆိုင်ထားပြီး အရှေ့အာရှ-သြစတြေးလျ ငှက်ပျံသန်းရာ လမ်းကြောင်း (East Asian–Australian Flyway)နှင့် ဗဟိုအာရှဒေသ ငှက်ပျံသန်းရာ လမ်းကြောင်း (Central Asian Flyway)တွင် ကျရောက်ပါသည်။ ဒေသပြောင်းရွှေ့ ကျက်စားလေ့ရှိသော ရေပျော်ငှက်များ ပျံသန်းပြောင်းရွှေ့ရာတွင် လိုအပ်သည့်အစာ အလုံအလောက်ရှိရန်နှင့် ကမ္ဘာ့မြောက်ဘက်ရှိ သားပေါက်သည့်နေရာများမှ မိုင်ထောင်ချီကွာဝေးသည့် တောင်ဘက်ရှိ ဆောင်းခိုသည့်နေရာများသို့ ပျံသန်းရာတွင် လုံခြုံသည့် ရပ်နားနေရာများကို ထောက်ပံ့ပေးရန် ငှက်ပျံသန်းရာ လမ်းကြောင်းပေါ်ရှိ ရေဝပ်ဒေသ ကျက်စားနယ်မြေများသည် ဆောင်းခိုငှက်များအတွက် အလွန်အရေးပါသည်။

မြန်မာနိုင်ငံတွင် ယနေ့အထိ မုတ္တမပင်လယ်ကွေ့၊ မွန်ပြည်နယ် (သတ်မှတ်ခံရသည့်နေ့ ၁၁-၁၂-၂၀၁၄၊ EAAF 117)၊ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ကချင်ပြည်နယ် (သတ်မှတ်ခံရသည့်နေ့ ၁၅-၁၂-၂၀၁၄၊ EAAF 118)၊ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ပဲခူးတိုင်းဒေသကြီး (သတ်မှတ်ခံရသည့်နေ့ ၁၅-၁၂-၂၀၁၄၊ EAAF 119)၊ နံ့သာကျွန်းနှင့် မေယုမြစ်ဝ၊ ရခိုင်ပြည်နယ် (သတ်မှတ်ခံရသည့်နေ့ ၁၉-၁၁-၂၀၁၈၊ EAAF 139)၊ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ဧရာဝတီတိုင်းဒေသကြီး (သတ်မှတ်ခံရသည့်နေ့ ၁၉-၁၁-၂၀၁၈၊ EAAF 140) အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ရှမ်းပြည်နယ် (သတ်မှတ်ခံရသည့်နေ့ ၂-၂-၂၀၂၀၊ EAAF 147)၊ ပလိပ်အင်း၊ မန္တလေးတိုင်းဒေသကြီး (သတ်မှတ်ခံရသည့်နေ့ ၁၆-၁၁-၂၀၂၃၊ EAAF 154)နှင့် ပြူကန်၊ မန္တလေးတိုင်းဒေသကြီး (သတ်မှတ်ခံရသည့်နေ့ ၁၆-၁၁-၂၀၂၃၊ EAAF 155) အစရှိသည့် ငှက်ပျံသန်း ကွန်ရက်နယ်မြေရှစ်ခုကို သတ်မှတ်ထားပြီး ဖြစ်ပါသည်။

## ငှက်မျိုးစိတ်များရွှေ့ပြောင်းကျက်စားနေထိုင်မှုနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု

မြန်မာနိုင်ငံရှိ ငှက်ပျံသန်းကွန်ရက်နယ်မြေရှစ်ခုသည် EAAF ၏ အဓိကမျိုးစိတ်များအနက် မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိသော မျိုးစိတ်များ (Critically Endangered–CR) ဖြစ်သည့် ရေညှောင့်နှုတ်သီးဝိုင်းငှက် (Spoon–billed Sandpiper) နှင့် ပို့ချပ်ခေါင်းစိမ်း (Baer's Pochard)၊ မျိုးသုဉ်းရန်အန္တရာယ်ရှိသောမျိုးစိတ် (Endangered–EN) ဖြစ်သည့် ခြေစိမ်းခြောက် (Spotted Greenshank)၊ နေ့ဂ(Great Knot–EN)နှင့် မြစ်တွေးဗိုက်မည်း (Black–bellied Tern) ကဲ့သို့ ရွှေ့ပြောင်းနေထိုင်နိုင်သော ရေပျော်ငှက်မျိုးစိတ်များစွာအတွက် ဆောင်းခိုသည့်ရာသီတွင် နိုင်ငံတကာအဆင့် သတ်မှတ်ချက်နှင့်ကိုက်ညီသည့် အရေးပါသောနေရာများ (Staging Sites)နှင့် ရပ်နားရာနေရာများ (Stopover Sites) ဖြစ်ပါသည်။

ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းတို့တွင် သားပေါက်ပြီး ဆောင်းရာသီတွင် ကမ္ဘာ့တောင်ဘက်ခြမ်းရှိနိုင်ငံများသို့ ပြောင်းရွှေ့ကျက်စားလေ့ရှိသည့် ရေဘဲခေါင်းစိမ်းငှက်မျိုးစိတ်သည် မြန်မာနိုင်ငံရှိ ရေချိုကန်များနှင့် ဆည်များသို့ လာရောက် ဆောင်းခိုကျက်စားလေ့ရှိပြီး အင်းတော်ကြီး၊ အင်းလေး၊ မိုးယွန်းကြီးအင်း၊ ပလိပ်အင်း၊ ပြူကန် စသည့်နေရာများတွင် ကျက်စားလေ့ရှိသောကြောင့် ရေဝပ်ဒေသထိန်းသိမ်းရေးကို ၎င်းတို့ကျက်စားသည့် ရာသီချိန်များကို အထူးသတိပြု၍ ပိုမိုအလေးထား ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ သစ်တောဦးစီးဌာနသည် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရေညှောင့်နှုတ်သီးဝိုင်းငှက် (Spoon–billed Sandpiper)၊ ပို့ချပ်ခေါင်းစိမ်း (Baer's Pochard) နှင့် အခြားသော ရွှေ့ပြောင်းရေပျော်ငှက်မျိုးစိတ်များစွာတို့ကို ကာကွယ်ရန် ရည်ရွယ်၍ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လူထု၊ အသိပညာပေးလှုပ်ရှားမှုများကို ကျယ်ပြန့်စွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံရှိ အရှေ့အာရှ-သြစတြေးလျ ငှက်ပျံသန်းရာ လမ်းကြောင်းရှိ ငှက်ပျံသန်းကွန်ရက်နယ်မြေတွင် တွေ့ရှိရသည့် အဓိကငှက်မျိုးစိတ်များ (Key Species of EAAFP) တွင် ရေညှောင့်နှုတ်သီးကောက်( Curlew Sandpiper)၊ နေ့ဂနီ(Red Knot)၊ ပျံဖြူနားမည်း(Asian Dowitcher)၊ ကုလားကောက် (Eurasian Curlew)၊ နှုတ်သီးရှည်မြီးမည်း( Black–tailed Godwit)၊ ရေညှောင့်နှုတ်သီးဝိုင်း(Spoon–Billed Sandpiper)၊ ခြေစိမ်းခြောက် (Spotted Greenshank )၊ ပို့ချပ်ခေါင်းစိမ်း( Baer's Pochard)၊ ငှက်ကြီးဝံပိုစပ်(Greater Adjutant)၊ မြစ်တွေးဗိုက်မည်း (Black–Bellied Tern )၊ ရေဗလုံ(Masked Finfoot) အစရှိသည့် ငှက်မျိုးစိတ်များ ပါဝင်ပါသည်။

ပြူကန်နှင့် ပလိပ်အင်းတို့တွင် ရွှေ့ပြောင်းရေပျော်ငှက်များအဖြစ် တောငန်း(Greylag Goose)၊ ဘဲမြီးသွယ် (Northern Pintail)၊ ပို့ချပ်ခေါင်းနီ (Red–crested Pochard)၊ ပို့ချပ်ဘဲ (Common Pochard)၊ ဘဲနီစပ်(Ferruginous Pochard)၊ ဘဲဖြူနက် (Tufted Duck)၊ ရေကြက်ဒုံ (Common Coot)၊ ဂေါ်ပြားနှုတ်သီးပုံဘဲ (Northern Shoveler)၊ ကြိုးကြာခေါင်းညို (Common Crane)၊ ခရုစုပ်အဖြူ (Black–headed Ibis)၊ ခရုစုပ် (Asian Openbill)၊ ဘဲအ (Eurasian Wigeon)၊ ဘဲပြာကလေး (Garganey)၊ ဘဲမည်း(Gadwall) အစရှိသည့် ရေပျော်ငှက်များနှင့် မယ်ညို (Purple Swamphen)၊ စစ္စလီ (Lesser Whistling Duck)၊ ကြာဖက်နင်း (Pheasant–tailed Jacana)၊ တစီးမှုတ် (Little Grebe)၊ ခရုစုပ်အနက် (Glossy Ibis)၊ ရေကြက် (Common Moorhen) အစရှိသည့် ရေပျော်ငှက်မျိုးစိတ်များ တွေ့ရှိနိုင်ပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ရေဝပ်ဒေသများနှင့် ယင်းတို့၏ သယံဇာတများကို ထိန်းသိမ်းခြင်းနှင့် အကျိုးရှိစွာ အသုံးချခြင်းတို့ဖြင့် ရေဝပ်ဒေသများ ရေရှည်တည်တံ့စေရန်၊ ၎င်းတို့၏ဂေဟဗေဒ၊ လူမှု စီးပွားရေးဆိုင်ရာ လည်ပတ်မှုများနှင့် တန်ဖိုးများကို စဉ်ဆက်မပြတ်စောင့်ရှောက်ရန် မျှော်မှန်း၍ ရေဝပ်ဒေသ မူဝါဒ(၆)ချက် (ကာကွယ်ခြင်း၊ အကျိုး ရှိစွာအသုံးပြုခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်များတွင် ရေဝပ်ဒေသတန်ဖိုးများကို ထည့်သွင်းခြင်း၊ ပူးပေါင်းပါဝင်လာခြင်း၊ သိမြင်နိုးကြားမှုကိုမြှင့်တင် ခြင်း၊ ဒေသနှင့်နိုင်ငံတကာ ရေဝပ်ဒေသအစီအစဉ်များတွင် ပါဝင်ခြင်း)ကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

ရေဝပ်ဒေသများသည် မြေအသုံးချမှု ပြောင်းလဲခြင်း၊ ရေအရည်အသွေးကျဆင်းခြင်း၊ ငါးဖမ်းခြင်းနှင့် စိုက်ပျိုးခြင်း၊ပြင်ပမျိုးစိတ်များ ကျူးကျော်ဝင်ရောက်ခြင်း၊ ရေဝပ်ဒေသများ၏ ဂေဟစနစ်၊ ရေရှည်တည်တံ့မှုကို ထိခိုက်နိုင်ခြေရှိသည့် ရေရှည်တည်တံ့မှုမရှိနိုင်သော ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ခြင်း အစရှိသည့် ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိပါသည်။

## ငှက်ပျံသန်းကွန်ရက်နယ်မြေအဖြစ် သတ်မှတ်ခံရခြင်း၏ အကျိုးကျေးဇူးများ

EAAFP မှ ရေပျော်ငှက် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်းနှင့် မြန်မာ့သဘာဝထိန်းသိမ်းရေးအဖွဲ့အား အသေးစားစီမံကိန်းများကို ပံ့ပိုးပေးလျက်ရှိပါသည်။ EAAFP ၏ အထောက်အပံ့ဖြင့် သစ်တောဦးစီးဌာနမှ ကိုယ်စားလှယ်များ၊ ငှက်မျိုးစိတ်များနှင့် ၎င်းတို့ ကျက်စားနေထိုင်ရာဒေသများကို ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်းနှင့် မြန်မာ့သဘာဝထိန်းသိမ်းရေးအဖွဲ့တို့သည် အရှေ့အာရှ-သြစတြေးလျ ငှက်ပျံသန်းရာ လမ်းကြောင်း ဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများ၏ အစည်းအဝေးများ တက်ရောက်ခြင်း၊ ကမ္ဘာ့ကမ်းရိုးတန်းဒေသဆိုင်ရာ ညီလာခံ တက်ရောက်ခြင်း စသည်တို့ကို ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြသည်။

ငှက်ပျံသန်းကွန်ရက်နယ်မြေအဖြစ် သတ်မှတ်ခံရခြင်းဖြင့် ၎င်း၏စံနှုန်းများနှင့်အညီ စီမံအုပ်ချုပ်ရန် နိုင်ငံတကာမှ နည်းပညာနှင့်ရန်ပုံငွေများ ရရှိနိုင်မည့် အလားအလာကောင်းများစွာ ရှိသည့်အပြင် မြန်မာနိုင်ငံအနေဖြင့် ရေဝပ်ဒေသထိန်းသိမ်းရေး၊ ဌာနေငှက်နှင့် ရွှေ့ပြောင်း ရေပျော်ငှက်များ ထိန်းသိမ်းခြင်းဆိုင်ရာနည်းလမ်းများ မြှင့်တင်ခြင်း၊ ရေဝပ်ဒေသထိန်းသိမ်းရေးလုပ်ငန်းများ ရေရှည်တည်တံ့စေခြင်း၊ ရွှေ့ပြောင်းမျိုးစိတ်များနှင့် နေရင်းဒေသများ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများ ဆက်စပ်ပတ်သက်သူများအကြား မျှဝေခြင်း၊ ရွှေ့ပြောင်းငှက်များနှင့် ယင်းတို့၏ ငှက်ပျံသန်းရာ လမ်းကြောင်းများ၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ၊ ရေချိုနှင့် ကမ်းရိုးတန်းဒေသ ထိန်းသိမ်းရေးဆိုင်ရာ သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ ငှက်ပျံသန်းကွန်ရက် နယ်မြေများ၏ ဆောင်းခိုငှက်စာရင်းကို နှစ်စဉ်စာရင်းကောက်ယူပြီး အရှေ့အာရှ-သြစတြေးလျ ငှက်ပျံသန်းရာ လမ်းကြောင်း နယ်မြေသတင်းအချက်အလက် ဖြည့်စွက်ရမည့်ပုံစံကို အနည်းဆုံး ခြောက်နှစ်တစ်ကြိမ် ပြင်ဆင်မွမ်းမံဖြည့်စွက်၍ EAAFP အတွင်းရေးမှူးရုံးသို့ တင်သွင်းခြင်း၊ အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးအတွက် နိုင်ငံအဆင့်အစီရင်ခံစာ ရေးသားပြုစုခြင်းတို့ကို ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ အရေးပါသော ရေဝပ်ဒေသများကို ဖော်ထုတ်၍ အရှေ့အာရှ-သြစတြေးလျ ငှက်ပျံသန်းရာ လမ်းကြောင်းရှိ ငှက်ပျံသန်းကွန်ရက်နယ်မြေအဖြစ် သတ်မှတ်နိုင်ရေး လိုအပ်သော သတင်းအချက်အလက်များ ပြုစုနိုင်ရေးနှင့် အမည်စာရင်း အဆိုပြုနိုင်ရေးတို့အတွက် ဆက်စပ်ဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ပညာရပ်နှင့် သုတေသနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါစို့ဟု ဖိတ်ခေါ်ရင်း မြန်မာနိုင်ငံ၏ သတ္တမမြောက်နှင့် အဋ္ဌမမြောက် ငှက်ပျံသန်းကွန်ရက်နယ်မြေများအဖြစ် ပလိပ်အင်းနှင့် ပြူကန်သတ်မှတ်အတည်ပြုပြီးစီးခြင်းကို ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။



လပွတ္တာမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်ဦး၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်မျိုးမြင့်နှင့် ခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှူးတို့ ဦးဆောင်သော အဖွဲ့ဝင်များသည် လပွတ္တာရေပေါ်ဈေး၊ မြို့မဈေးနှင့် အောင်ဇေယျဈေးတို့၌ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးအသိပညာပေးခြင်းများဆောင်ရွက်ကြစဉ်။ ခရိုင်(ပြန်/ဆက်)



ပျဉ်းမနားမြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်သူရကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၂ရက်မှစ၍ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းနှင့် မီးသတ်စခန်း ဖုန်းနံပါတ်များပါသော စတေကာကပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ ကျော်ရဲဆွေ

## မြန်မာ့လက်ရွေးစင်အသင်း ဒုတိယအကြိမ်လေ့ကျင့်ပြင်ဆင်

ရန်ကုန် ဇန်နဝါရီ ၃၀

မြန်မာ့လက်ရွေးစင်အသင်းသည် မတ်လတွင်ယှဉ်ပြိုင်ရမည့် ၂၀၂၆ ကမ္ဘာ့ဖလား ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုပွဲများအတွက် ဒုတိယအကြိမ် လေ့ကျင့်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဇန်နဝါရီ ၂၅ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ ဒုတိယအကြိမ် လေ့ကျင့်နေခြင်းဖြစ်ပြီး ပဏာမကစားသမား ၃၀ ဝန်းကျင် ရွေးချယ်ထားသည်။ ယခုအကြိမ်လေ့ကျင့်ရာတွင် ပြည်ပကလပ်အသင်းများ၌ ကစားနေသူများ ပါဝင်နိုင်ခြင်းမရှိဘဲ ပြည်တွင်းကလပ်များတွင် ကစားနေသူများကိုသာ ရွေးချယ်လေ့ကျင့်ပေးနေခြင်းဖြစ်သည်။ ထို့ပြင် မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဖိုက်အွန်ဘိုင်နာသည် ယခုအကြိမ်လေ့ကျင့်ရာတွင် ကစားသမားသစ်နှင့် လူငယ်ကစားသမားများကိုလည်း ထည့်သွင်းရွေးချယ်ထားပြီး မတ်လတွင် ကစားရမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် အပြီးသတ်ပြင်ဆင်ရာ၌ အသင်းနှင့် သင့်တော်သူများကို ပဏာမလူစာရင်းတွင် ထည့်သွင်းရွေးချယ်သွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဇန်နဝါရီ ၁၀ ရက်မှ ၂၀ ရက်အထိ ပထမအကြိမ်လေ့ကျင့်ရာတွင် ပြည်တွင်းကလပ်များဖြစ်သည့် သစ္စာအားမာန်အသင်း၊ မြဝတီအသင်းတို့နှင့် ခြေစမ်းပွဲ နှစ်ပွဲ ကစားခဲ့ပြီး နှစ်ပွဲစလုံး အနိုင်ရခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဂျပန်၊ မြောက်ကိုရီးယား၊ ဆီးရီးယားအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး နှစ်ပွဲကစားနှစ်ပွဲ ရှုံးနိမ့်ကာ အမှတ်မရသေးပေ။ မြန်မာအသင်းသည် မတ်လတွင် ဆီးရီးယားအသင်းနှင့် အိမ်ကွင်း၊ အဝေးကွင်း ကစားရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဖိုက်အွန်ဘိုင်နာသည် မတ်လတွင်ကစားရမည့် ဆီးရီးယားအသင်းနှင့်ပွဲတွင် ရလဒ်ကောင်းရယူနိုင်ရန် ကြိုတင်ပြင်ဆင်နေခြင်း ဖြစ်သည်။ **ရဲရင့်လွင်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀ - ၁ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၅၀ ကျပ် | ၂၅၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၁၅ ကျပ် | ၂၅၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၀၅ ကျပ် | ၂၇၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၄၅ ကျပ် | ၂၈၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

# ဒီရာသီ အန်းဖီးလ်မှာ ရှုံးပွဲမရှိတဲ့ လီဗာပူးကို ချယ်ဆီး အနိုင်ယူနိုင်မလား



**ယခုတစ်ပတ်ကြားရက်ဖြစ်တဲ့ ဖေဖော်ဝါရီ ၁ ရက်နံနက်ပိုင်းနဲ့ ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းမှာ ပရီမီယာလိဂ်ပွဲစဉ် (၂၂) ကို ဆက်လက်ယှဉ်ပြိုင် ကစားသွားမှာပါ။ ခြေစွမ်းထက်မြက်တဲ့ အသင်းအချင်းချင်းတွေ့ဆုံမှုအပြင် အသင်းကြီးအချင်းချင်း တွေ့ဆုံတဲ့ ပွဲစဉ်တွေ ပါဝင်နေတာကြောင့် လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။**

### စပါး Vs ဘရန့်ဖို့ဒ်

**စပါးနဲ့ ဘရန့်ဖို့ဒ်အသင်း တွေ့ဆုံမှု နောက်ဆုံး သုံးပွဲရလဒ်**

ကြာသပတေးနေ့ | နံနက်- ၂း၃၀ | Tottenham Hotspur Stadium

ဒီနှစ်သင်းတွေ့ဆုံတိုင်း အပြန်အလှန်သွင်းဂိုးတွေ မြင်တွေ့ရလေ့ရှိတယ်။ ဒီပွဲစဉ်မတိုင်မီ စပါးက အက်ဖ်အေဖလားကစားထားရတာကြောင့် ပွဲပန်းနေနိုင်တယ်။ စပါးအသင်းအနေနဲ့ ဦးဆောင်သူ လီဗာပူးနဲ့ ရမှတ်ကွာဟမှုကျဉ်းမြောင်းဖို့အတွက် ဘရန့်ဖို့ဒ်ကို နိုင်ပွဲရဖို့ လိုအပ်နေတယ်။ ဒါပေမယ့် ဘရန့်ဖို့ဒ်က လိဂ်အဝေးကွင်း ကိုးပွဲမှာ နှစ်ပွဲသာ နိုင်ပွဲရရှိပြီး ခြောက်ပွဲအထိ ရှုံးနိမ့်ထားတယ်။ ဒါကြောင့် အိမ်ကွင်းအားသာမှုရှိတဲ့ စပါးအနေနဲ့ အဝေးကွင်းအားနည်းတဲ့ ဘရန့်ဖို့ဒ်ကို အနိုင်ယူသွားဖွယ်ရှိတယ်။

### လီဗာပူး Vs ချယ်ဆီး

**လီဗာပူးနဲ့ ချယ်ဆီးအသင်း တွေ့ဆုံမှု နောက်ဆုံး သုံးပွဲရလဒ်**

ကြာသပတေးနေ့ | နံနက်- ၂း၄၅ | Anfield

အသင်းကြီး အချင်းချင်းတွေ့ဆုံမှုဖြစ်တဲ့အတွက် ယခင်ပွဲစဉ်တွေကထက် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာ သေချာတယ်။ လီဗာပူးက အမှတ်ပေးဇယားကို ပြတ်သားတဲ့ရလဒ်နဲ့ ဦးဆောင်ဖို့ နိုင်ပွဲရရှိရေးဦးတည်လာမှာဖြစ်သလို ချယ်ဆီးကလည်း အမှတ်ပေးဇယားအထက်ပိုင်း တက်လှမ်းနိုင်ဖို့ နိုင်ပွဲရရှိရေး ဦးတည်လာမှာပါ။ ယခုအကြိမ်တွေ့ဆုံမှုက ကာရာဘောင်ဖလားဗိုလ်လုပွဲ မတိုင်မီတွေ့ဆုံမှုဖြစ်တာကြောင့်လည်း ချန်ပီယံခြေစွမ်းကို အကြမ်းဖျင်း ခန့်မှန်းနိုင်ဖွယ်ရှိတယ်။

### မန်စီးတီး Vs ဘန်လေ

**မန်စီးတီးနဲ့ ဘန်လေအသင်း တွေ့ဆုံမှု နောက်ဆုံး သုံးပွဲရလဒ်**

ကြာသပတေးနေ့ | နံနက်- ၂း၀၀ | Etihad Stadium

အစဉ်အလာအရသော်လည်းကောင်း၊ အမှတ်ပေးဇယား ရပ်တည်မှုအရသော်လည်းကောင်း ဘန်လေအသင်းထက် မန်စီးတီးအသင်းက သာလွန်နေတာ တွေ့ရတယ်။ ဒ့ါပြင် ဘန်လေက ဒီရာသီမှာ ခံစစ်အဆိုးရွားဆုံးအသင်းထဲ ပါဝင်နေပြီး မန်စီးတီးအသင်းက တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရှိနေတယ်။ ဒါကြောင့် ဘန်လေအသင်းအနေနဲ့ မန်စီးတီးအသင်းရဲ့ တိုက်စစ်ကို ဟန့်တားနိုင်ဖို့ မလွယ်ဘူး။ ဘန်လေအသင်းအနေနဲ့ အမြင့်ဆုံးသရေသာရမယ်။

### ဝုဖ် Vs မန်ယူ

**ဝုဖ်နဲ့ မန်ယူအသင်း တွေ့ဆုံမှု နောက်ဆုံး သုံးပွဲရလဒ်**

သောကြာနေ့ | နံနက်- ၂း၄၅ | Molineux Stadium

ဒီနှစ်သင်းနောက်ဆုံးသုံးကြိမ် ထိပ်တိုက်တွေ့ဆုံမှုမှာ မန်ယူ က အသာရထားတယ်။ ဒါပေမယ့် မန်ယူအသင်းက ဒီရာသီ လိဂ်အဝေးကွင်း ၁၀ ပွဲမှာ လေးပွဲသာ နိုင်ပွဲရအောင် စွမ်းဆောင်ထားနိုင်ပြီး ရှုံးပွဲ ငါးပွဲအထိ ရှိတယ်။ ဝုဖ်က ဒီရာသီ လိဂ်အိမ်ကွင်း ၁၀ ပွဲမှာ ရမှတ် ၁၈ မှတ်အထိ စုဆောင်းထားနိုင်တယ်။ ဒါကြောင့် အိမ်ကွင်းကောင်းတဲ့ ဝုဖ်အသင်းအနေနဲ့ အဝေးကွင်း အားနည်းတတ်တဲ့ မန်ယူကို နိုင်ပွဲရရှိအောင် စွမ်းဆောင်သွားနိုင်မလား သို့မဟုတ် ရှုံးပွဲထပ်တင်သွားမလား စိတ်ဝင်စားဖွယ်ကောင်းတယ်။

### ဝက်စ်ဟမ်း Vs ဘုန်းမောက်

**ဝက်စ်ဟမ်းနဲ့ ဘုန်းမောက်အသင်း တွေ့ဆုံမှု နောက်ဆုံး သုံးပွဲရလဒ်**

သောကြာနေ့ | နံနက်- ၂း၀၀ | London Stadium

ဝက်စ်ဟမ်းက ဘုန်းမောက်အသင်းအထက်မှာ ရပ်တည်နေတယ် ဆိုပေမယ့် ဝက်စ်ဟမ်းအသင်းရဲ့ နောက်ဆုံးလေးပွဲမှာ နိုင်ပွဲ ပျောက်ဆုံးထားတဲ့အတွက် ခြေစွမ်းအကျဘက် ဦးတည်နေတယ်။ ဘုန်းမောက်ကလည်း ပရီမီယာလိဂ်နှစ်ပွဲဆက် ရှုံးနိမ့်မှုကို ချေဖျက်ဖို့ အသင်းကို အကောင်းဆုံးပြင်ဆင်လာမှာ သေချာတယ်။ ဒါကြောင့် ပွဲမှာ အကြိတ်အနယ်ရှိလာနိုင်ပြီး အပြန်အလှန်သွင်းဂိုးတွေ မြင်တွေ့ရဖွယ်ရှိတယ်။ အဆုံးသတ်သေချာတဲ့ အသင်း နိုင်ပွဲရရှိမယ်။

### ပရီမီယာလိဂ် ဂိုးအများဆုံးသွင်းထားသူများ

| အမည် | အသင်း | သွင်းဂိုး |
|---|---|---|
| ဆာလာ | လီဗာပူး | ၁၄ |
| ဟာလန်း | မန်စီးတီး | ၁၄ |
| ဆွန်ဟောင်မင် | စပါး | ၁၂ |
| ဆိုလန်ကီ | ဘုန်းမောက် | ၁၂ |
| ဘိုဝင် | ဝက်စ်ဟမ်း | ၁၁ |
| ဟွမ်ဟီချန်း | ဝုဖ် | ၁၀ |
| အီဆတ် | ကာဆယ် | ၁၀ |
| ဝက်ကင်စ် | ဗီလာ | ၉ |
| ပဲလ်မာ | ချယ်ဆီး | ၉ |
| ခရစ္စဝုဒ် | နော်တင်ဟမ် | ၈ |



**မိုးဇက် - စုစည်းသည်**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၂၄၆ | ၂၁၄၀၂၀၀ |
| MTSH | ၂၈၅၀ | ၂၉၀၀ | ၄၇၅ | ၁၃၇၃၀၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၁ | ၈၀၀၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၇၉၃၇ | ၁၁၉၅၅၈၅၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၁၅ | ၃၇၅၀၀ |
| EFR | ၁၉၀၀ | ၁၉၅၀ | ၄၀၄ | ၇၆၈၁၀၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၂၁ | ၉၈၇၀၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၆၁ | ၁၀၆၇၅၀ |

## အသိပေးကြေညာချက်

ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲအနေဖြင့် ထီဖွင့်ပွဲများ၌ ဆုမဲများရွေးချယ်ရာတွင် သစ်သားစည်များအတွင်းမှ အက္ခရာနှင့်ဂဏန်းဂေါ်လီများကို လူပုဂ္ဂိုလ်များမှနှိုက်ယူ၍ ရွေးချယ်ဖွင့်လှစ်သည့် နည်းလမ်းအစား ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၅၉)ကြိမ်မြောက် ကျပ် ၁၀၀၀တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲနှင့် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်း သိန်းဆုထီဖွင့်ပွဲမှ စတင်၍ နိုင်ငံတကာ အဆင့်မီ Air Blow Digital Machine စက်ဖြင့် ဆုမဲများရွေးချယ် ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**




### ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊နည်းဥပဒေ ၂၂)

ပုသိမ်ခရိုင်တရားရုံးတော်

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၇ နှင့်ဆက်နွှယ်သည့်

၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၀၂

၁၀၈-တောင်ဂမုန်းပေါင်း နှင့် ဦးကိုကိုအောင်(ခ)ဦးကစ္စန
စေတီတော်မြတ်ကြီးဂေါပကအဖွဲ့
(ဂေါပကအဖွဲ့၏ကိုယ်စား
ဦးတင်မောင်သိန်း)

ဒီကရီအနိုင်ရသူ တရားရှုံး

ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ မြင်းကဆိပ်ကျေးရွာနေ ဦးကိုကိုအောင်(ခ)ဦးကစ္စန(ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၇တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်ချိုထက်)
တွဲဖက်ခရိုင်တရားသူကြီး(၁)
ပုသိမ်ခရိုင်တရားရုံး

### ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့နယ်၊ တောင်လေးလုံးကျေးရွာအုပ်စု၊ ရေနွေးရွာနေ (ဘ)ဦးခွန်ထွန်းကျော်၏သား မောင်ငွေဝင်း ၁၃/တကန(နိုင်)၃၅၂၃၅၅၏ နိုင်ငံကူး လက်မှတ် အမှတ် (ME-974433)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၆၉၈၈၆၈၅

### ပတ်စ်ပို့ပျောက်

ကျောက်မဲမြို့၊ ပင်တိန်ရွာနေ (ဘ)ဦးသောင်းစိန်၏သား စိုင်းလောင်ခမ်း ၁၃/ကမန(နိုင်)၀၉၃၀၁၀ ၏ နိုင်ငံကူးလက်မှတ် အမှတ် (MG-044810)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၈၂၃၅၄၁

### တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ အထက(ခွဲ)ကျောက်နီ Grade-6 မှ မလှသဥ္ဇာသင်း၏ ဖခင် ဦးအောင်လုံး(ခ)ဦးဖိုးဖြူ ၁၃/တကန(နိုင်)၁၆၈၉၁၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/4249,Honda Dream-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲမိုးဆွေ ၁၄/မမန(နိုင်)၀၀၂၅၁၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
တိုင်းဒေသကြီးရုံး

### မိဘအမည်မှန်

ကျွန်မ ဒေါ်စန်းဆင့်ဆင့်ထွန်း ၁၃/တကန(နိုင်)၀၀၄၅၉၂ ၏ ဖခင်အမည်မှန်မှာ ဦးချစ်(ခ)ရန်ကြာပန်၊ မိခင်အမည်မှာ ဒေါ်ရီစိန်(ခ)ဒေါ်ရီဆင့် ဖြစ်ကြောင်း ယင်းအမည်များသည် ကျွန်မ၏ ဖခင်၊ မိခင်တို့၏အမည်များဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

### တစ်ဦးတည်းဖြစ်ပါကြောင်း

သာစည်မြို့နယ်၊ အမကထန်းကန်မှ မူအုပ်ဦးဝင်းလှိုင် ၉/သစန(နိုင်)၀၀၀၅၀၈၏ ဖခင်အမည်မှန် ဦးအောင်မောင်း(ခ)ဦးသန်းမောင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးအောင်မောင်း(ခ)ဦးသန်းမောင်

### ပတ်စ်ပို့ပျောက်

(ဘ)ဦးမြဝင်း၏သား ကျွန်တော် မောင်တင်မိုးဝင်း ၈/ဆပ၀(နိုင်)၀၈၆၈၁၈ ၏ နိုင်ငံကူးလက်မှတ် အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၄၆၂၀၉၆၄၃

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ အဇတ်ဝကျေးရွာနေ မနှင်းစန္ဒာကျော် ၁၂/သခန(နိုင်)၁၂၀၉၇၀ ၏ဖခင်ဖြစ်သူ ဦးကိုလေး (ခ) ဦးကိုကိုလေး၁၂/သခန(နိုင်)၀၆၅၇၉၄ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးကိုလေး (ခ)
ဦးကိုကိုလေး

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်သူရမောင်မောင် ၇/ပခန(နိုင်)၃၅၂၀၅၈၏ နိုင်ငံကူး လက်မှတ်အမှတ် MD-944306 မှာ စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၆၄၈၂၁၂၂

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ ရွာသာအေးကျေးရွာနေ မောင်ကျော်မင်းဦး ၁၂/သခန(နိုင်) ၁၃၂၆၆၈၏ ဖခင်ဖြစ်သူ ဦးသန်းလှိုင်(ခ)ဦးသိန်းလှိုင် ၁၂/သခန(နိုင်) ၀၂၄၅၇၂မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးသန်းလှိုင်(ခ)ဦးသိန်းလှိုင်

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3G/2848,Toyota Hilux Vigo,P/U(4X4)R ယာဉ်လက်ဝယ်ရှိသူ ဦးစောကျော်သူလင်း ၈/နမန(နိုင်)၁၃၀၁၈၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တွဲဖက်ပြည်နယ်ရုံး
(ကျိုင်းတုံ)၊ ကျိုင်းတုံမြို့

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/56283,Yunde-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝေမင်းဦး ၇/ပမန(နိုင်)၂၀၉၆၀၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ပြည်)ပြည်မြို့

### ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် ၉၊ ဦးပိုင်အမှတ် (၃၅+၃၆+၄၅+၄၆) ခဲစင်း၊ ၅၇x၅၈ ကြား၊ ၄၀x၄၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဝမ်ရှိုင်(ခ)ဝင်းဆွေ ၁၃/လရန(နိုင်)၀၃၀၈၁၉က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/7364 Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဆောင် ၇/နတလ(နိုင်)၀၁၆၇၉၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပြည်)ပြည်မြို့

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ ဗဟို(၂၉)လမ်းထောင့်၊ မြေကွက်အမှတ်(ကေ/၂၀၁)ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ x ၆၀)ပေ အကျယ်ရှိ ဦးမာမက်အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးမြတ်မင်းဟိန်း(ခ)ဦးမင်းခန့်(ဘ)ဦးကျော်မြင့် ၁၂/တမန(နိုင်) ၁၀၂၅၂၉ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြကေဇင်အောင်(ဘ)ဦးဆွေဝင်း ၅/ရဥန(နိုင်) ၀၉၂၉၇၂က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇာနည်(LL.B,D.B.L) ဒေါ်အိအိမော်(ခ)အိသဥ္ဇာအောင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၆၈) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၂၆)
ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သန်လျင်မြို့၊
ဖုန်း-၀၉-၄၂၀၃၀၀၂၆၂

### ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဘီအမ်ပတ်လမ်း၊ အမှတ် (၆၃၇/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း-အနံ(၄၀)ပေxအလျား(၆၀)ပေသည် ဦးမြညွန့် (ပါမစ်)အမည်ပေါက်ဖြစ်ပြီး ယင်းမြေကွက်အနက်မှ ခြေရင်းခြမ်းရှိ အနံ(၂၀)ပေxအလျား(၆၀)ပေ မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချသူ ဒေါ်သန်းသန်းဌေး(၁၂/ဥကမ(နိုင်)၂၂၂၀၀၅)မှ ဆက်စပ်စာချုပ်များဖြင့် အမွေဆက်ခံပိုင်ဆိုင်လျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးသီဟအောင် ၁၃/တကန(နိုင်)၂၅၀၄၉၇က အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးသီဟအောင်
(၁၃/ကလန(နိုင်)၂၅၀၄၉၇)

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အင်ကြင်း(LL.B,D.B.L, D.I,L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၃၄)
အမှတ်-၂၀၅၊ သန္တာ(၁၀)လမ်း၊
(င)ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၉၉၅၁၈၆၀၄၊၀၉-၄၂၆၂၇၀၉၃

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၆)လမ်း၊ အမှတ်(၆၇)၊(ပထမထပ်)(ခြေရင်း)၊ တိုက်ဘက်မျက်နှာမူလျှင်(ညာ)ဘက်တိုက်ခန်း အပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဥမ္မာချို ၆/မအရ(နိုင်)၀၀၀၄၉၀ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးကျော်ဇင်အောင် ၁၄/လပတ(နိုင်) ၁၆၀၆၃၃က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L) ဒေါ်ခင်စောသိန်း(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)
တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်-၆၆၊ ရော်ဝဏ်လမ်း၊ အင်း၀ အိမ်ရာ၊ တိုက်အမှတ်(၃၁)၊ ဒုတိယထပ်၊ အခန်း(၂၀၄)၊ဒေါ်ခင်စုရီ(ဘ)ဦးလှမြင့်၁၂/အစန(နိုင်)၁၂၀၉၈၃ အမည်ပေါက် တိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်အတူ အပြီးအပိုင် ဝယ်ယူလက်ရောက်ရရှိထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းထွန်းဦး(၁၂/ရကန(နိုင်)၀၃၆၉၀၁) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်စံဝင်းသည် အပြီးအပိုင် ပြန်လည်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါရှိသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာမှတ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသက်နောင်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၁၈၉၂)
အမှတ်- (၃၁၀)၊ ကျောက်စိမ်းမြတ်ရတနာ(၂ )လမ်း၊ ၅၆-ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## စာအုပ်စာပေ လူ့မိတ်ဆွေ

မြန်မာ့အလင်း ဗုဒ္ဓဟူး၊ ဇန်နဝါရီ ၃၁၊ ၂၀၂၄

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊နည်းဥပဒေ ၂၀)**
**မော်လမြိုင်ခရိုင်တရားရုံးတော်၌**
**၂၀၂၄ခုနှစ်၊ တရားမမူလမှုအမှတ်-၁၀**

ဒေါ်ယဉ်ယဉ်နွယ် **နှင့်** ၁။ ဦးသိန်းမင်းလတ်
၂။ ဒေါ်အိအိစံ
**တရားလို** **တရားပြိုင်များ**

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ နှစ်ကိုင်းကျေးရွာအုပ်စု၊ ပဒံငကြီးကျေးရွာ၊ ဆင်တောင်လမ်းဝနေ (၁) ဦးသိန်းမင်းလတ်၊ (၂) ဒေါ်အိအိစံ (ယခုနေရပ်လိပ် စာမသိ)သူတို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်ယဉ်ယဉ်နွယ်က တရားလိုထံတွင် တရားပြိုင်များ ချေးငှားရယူထားသည့်ငွေ(၁၀၀၀၀၀၀၀၀)(ငွေသိန်းတစ်ထောင်ကျပ်တိတိ) ပြန်ရလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍၊ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍၊ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက် ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်က ဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေး လိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူ ဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက် က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ကေသီလှိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မော်လမြိုင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ အောင်သပြေရပ်ကွက်၊ ရွှေညောင်-၂၊ ကွင်း/ အကွက်အမှတ်နှင့် အမည်-၅၂/ လျှပ်စစ်ရုံးဝင်းရပ်၊ ဦးပိုင်အမှတ်-၈၊ ဧရိယာ (၀.၁၂၈ )ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံဥပစာ အကျိုးခံစားခွင့်အရပ်ရပ်ကို တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန၏မြေဂရန် အမှတ်(၇၄/၂၀၂၁)အရ နှစ်(၃၀) ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်နှင်းနှင်းရီ (၁၃/တကန(နိုင်)၀၈၃၇၉၃) (၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်စန်းမေ (ခ)ဖွန်မိန်း (ဘ)ဦးဝေခိုင်ဟူ(ခ)ဦးသိန်းမြင့် (၁၃/တကန(နိုင်)၀၆၈၄၇၅)က အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကျော်မြင့် (၁၃/တကန (နိုင်) ၁၉၄၂၆၂)က ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်၌ ခုနှစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်ကျော်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နေဇာလှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၀၃၀)**
**အမှတ်(ည/၁၆၃)၊ နယ်မြေ(၁)၊ နီလာလမ်း၊ ညောင်ဖြူစခန်းရပ်ကွက်၊ တောင်ကြီးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၈၁)၊ (စဥ့်အိုးဘိုအကွက်)၊ဦးပိုင်အမှတ်(၁၅၇)၊ ဧရိယာ(၀ဒသမ၀၃၁)ဧကရှိသော ဘိုးဘွားပိုင်မြေ၊ ထိုမြေနှင့် ဆက်စပ်လျက်ရှိသော ဦးပိုင်အမှတ်(၁၅၃)၊ ဧရိယာ(၀ဒသမ၀၂၂)ဧကရှိ ဂရန်မြေကွက်နှင့် ထိုမြေကွက်များပေါ်ရှိ အမှတ်(၃၉)ဟုခေါ်တွင်သည့် အဆောက်အအုံ၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ပိုင်ဆိုင်သူ ဦးစိန်လှ ၁၄/ပသန(နိုင်) ၁၅၄၁၃၇ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဝေဇင်မျိုး ၁၄/ပသန(ဧည့်) ၀၀၁၁၉၄၊ ဒေါ်ပိုပိုချစ် ၁၄/ပသန(နိုင်) ၂၀၇၁၄၈တို့မှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့် နေ့ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဝေဇင်မျိုးနှင့်ဒေါ်ပိုပိုချစ်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းဝါလှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၂၆/၂၀၁၂)**
**မြန်မာမရမ်းချောင်းရပ်၊ ပုသိမ်မြို့**
**ဖုန်း-၀၉-၄၂၂၄၄၃၃၁၂**

## ကန့်ကွက်နိုင်ပါကြောင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ မန်ခိန်ရပ်ကွက်၊ ယောရင်ရပ်ကွက်(၄)၊ ဦးပိုင်အမှတ်(၃၆/၁)၊ (၃၆/၂)၊(၃၆/၃)တို့မှ ခွဲထွက်ဧရိယာ ပေ(၄၀X၆၀) ပတ်လည်ရှိ ခြံမြေကွက်စုစုပေါင်း(၆)ကွက်အား ဂရန်အမည်ပြောင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဂရန်အမည်ပြောင်းကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မြနှင်းမှုန်(LL.B)** | **ဒေါ်မွန်းဂျာ(LL.B)** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၁၈၇) | အထက်တန်းရှေ့နေ(စဉ်-၅၁၂၇၅) |
| ဖုန်း-၀၉- ၂၆၅၁၄၈၃၀ | ဖုန်း-၀၉-၄၀၀၀၀၅၄၄၄ |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)**
**တောင်ကြီးခရိုင်တရားရုံး**
**၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၅၇**

ဒေါ်နွယ်နီလှိုင် **နှင့်** ဒေါ်နန်းညွန့်နွယ်
**တရားလို** **တရားပြိုင်**

တောင်ကြီးမြို့၊ မြို့မရပ်ကွက်၊ အနောက်မြို့ပတ်လမ်းနှင့် အုတ်ဖိုလမ်းကြား၊ အခန်း(D)တတိယထပ်၊ အမှတ် ၂၀၅နေ တရားပြိုင် ဒေါ်နန်းညွန့်နွယ်(ယခုနေရပ်လိပ်စာမသိသူ)အား သိစေရမည်။

သင့်အပေါ်၌ တရားလိုများက ချေးငွေကျပ်သိန်း(၆၀)(ငွေကျပ်သိန်းခြောက်ဆယ်တိတိ)နှင့် စာချုပ်ပဋိညာဉ်ပါ ငွေကျပ်သိန်း(၆၀)(ငွေကျပ်သိန်းခြောက်ဆယ်တိတိ)၏နစ်နာဆ ဖြစ်သော ငွေကျပ်သိန်း(၁၂၀)(ငွေကျပ်သိန်းတစ်ရာ့နှစ်ဆယ်တိတိ)၊ စုစုပေါင်းငွေကျပ်သိန်း (၁၈၀)(ငွေကျပ်သိန်းတစ်ရာ့ရှစ်ဆယ်တိတိ)ရလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ရက် (၁၃၈၅ခုနှစ် တပို့တွဲလဆန်း ၄ရက်)မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာ မရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များ ကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နွယ်နွယ်စိုး)**
**ဒုတိယခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မြေကွက်အမှတ်(၆၇၅)၊ မြေကွက်တည်နေရာအမှတ်(၆၇၅)၊ ရွှေဥဒေါင်း(၃)လမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဦးစိန်ဝင်း) (AD-030182) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဦးစိန်ဝင်း (ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်စန်းရီ ၁၂/လသန(နိုင်) ၀၁၂၃၃၇မှ မိမိမှာ ခင်ပွန်းဖြစ်သူ ဦးစိန်ဝင်း၏ တရားဝင်ဇနီး၊ မယားတော်စပ်ကြောင်း၊ ခင်ပွန်းဖြစ်သူနှင့် မိမိမှာ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်သည့်အလျောက် ကွယ်လွန်စဉ် တရားဝင်တစ်ဦးတည်းသော ဇနီးဖြစ်သူ မိမိကသာ ကောင်းမွန်စွာသင်္ဂြိုဟ်ခဲ့ကြောင်း၊ ၎င်းကျန်ရစ်သည့် အထက်ပါမြေကွက်နှင့် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် တရားဝင်ဇနီးဖြစ်သူ မိမိသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေအရ မိမိသာ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ခင်ပွန်းသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ကတ်တို့တင်ပြ၍ ဒေါ်စန်းရီမှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ အကွက်အမှတ်(၅၈၅)၊ ဦးပိုင်အမှတ်(၃၈-ခ)၊ ၈၂x၈၃လမ်းကြား၊ ၂၉x၃၀လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးလန်ပြင်ဆိုက်ထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ်(၂၈၆၇/ ၂၀၂၃)ဖြင့်ပေးကမ်းခြင်းကို လက်ခံသူ ဦးအန်းအန်း ၉/ခအဇ(နိုင်) ၀၀၁၆၄၂က အမှုတွဲအမှတ် ၀၇၄၈/ဘ(ပြောင်း)/၂၀၂၃-၂၀၂၄ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအရှေ့ရပ်ကွက်၊ အကွက်အမှတ် (၆၀၅)၊ ဦးပိုင်အမှတ်(၂၁.ဇ/၁၃)၊ ၂၆x၂၇လမ်းကြား၊ ၈၀x၈၁လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးစိုးဝင်း၊ ဒေါ်ရာဘီယာထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၄၈၄/၁၉၉၆)ဖြင့် ဒေါ်သိန်းကြည်က ဝယ်ယူခဲ့ပြီး ဒေါ်သိန်းကြည်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၀၆၆/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဝင်းဝင်းကြည် ၉/ခအဇ(နိုင်)၀၀၃၈၅၀က အမှုတွဲအမှတ် ၀၇၄၉/ဘ/ပြောင်း၊ ၂၀၂၃/၂၀၂၄ ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် မမ-၁၃၊ ဦးပိုင်အမှတ် (၅၀)၊ ၅၀x၅၁ လမ်း၊ ယုဇနx မီးရထားသံလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါက်တာ ဒေါ်သင်းသင်းခိုင်(ခ)ဖုန်ရီကျောင်း ၁၃/တကန(နိုင်)၀၆၇၂၈၉၏ (SP ရရှိသူ ဦးငြိမ်းချမ်းအောင်)က အမှုတွဲအမှတ် ၆၈၈၅/၂၀၂၃-၂၀၂၄ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ
**( အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ - ၂၈၃ )**
**ညောင်ဦးခရိုင်တရားရုံးတော်၌**
**၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၁**
**ကွယ်လွန်သူ ဦးစန်းမောင်**
**ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ဒေါ်တင်တင်နု (ဘ)ဦးချစ်ထွန်း **လျှောက်ထားသူ**
အမှတ်-၄၈(နံ့သာမြိုင်ခြံ)၊ သန့်ဇင်လမ်း၊
(၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ သန့်ဇင်လမ်း၊ အမှတ်-၄၈တွင် နေထိုင်ခဲ့သော ကွယ်လွန်သူအစ်ကို ဦးစန်းမောင်၏ ညောင်ဦးမြို့နယ်အတွင်းရှိ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်တင်တင်နုက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ရက်နေ့)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူအစ်ကို ဦးစန်းမောင်၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ အကျိုးစီးပွားသက်ဆိုင်သည့်အဆိုရှိသူ ဟူသမျှတို့သည် အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဤရုံးတော်သို့ အထက်ပါအမှုကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်(၁၃၈၅ ခုနှစ်၊တပို့တွဲလပြည့်ကျော်၅ရက်နေ့)တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန်အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်တင်တင်နု၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ဆုံးဖြတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာနွယ်)**
**ခရိုင်တရားသူကြီး**
**ညောင်ဦးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ဓမ္မသုခကျောင်းလမ်း၊The Leaf Residence Condo တိုက်အမှတ်(၂၀၄)၊(Basement)(၂)ထပ်+RC(၁၂)ထပ်(Lift)ပါ အဆောက်အအုံမှ အခန်းအမှတ်(C-103)၊ Tower-C၊ အကျယ်အဝန်း(၁၆၂၀) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူဟု ဝန်ခံကတိပြုသူဖြစ်သော Global Green Property Co.,Ltd၏ ကိုယ်စား ဦးဟုန်ချင်ပန်း ၉/ပဥလ(နိုင်)၀၀၆၅၄၅ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးတိတ်ဟင် ၆/ထဝန(နိုင်)၀၁၉၂၅၃နှင့် ဒေါ်ဝင်းဆွေ ၆/ပလန(နိုင်)၀၀၆၅၈၇တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၇ ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးတိတ်ဟင်- ဒေါ်ဝင်းဆွေတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်ဌေး LL.B,LL.M.,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၄၇၉)**
**အမှတ် (၁၃၈)၊ (မြေညီ)၊လမ်း(၄၀)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၉၉၆၃၄၆၃၆၊၀၉-၄၃၀၆၃၅၅၆**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံတက္ကသိုလ်၊ နေ့သင်တန်း၊ ဓာတုဗေဒ(အထူးပြု)၂၀၂၃၊ ၄ဓ-၂၅ဖြင့် ဖြေဆိုအောင်မြင်ထားသော နန်းကျောက်ဝဏ္ဏီ၏ ဖခင် ဦးစိုင်းလုံးကျောက်နွံ (ခ) ဦးစိုင်းလုံးကျောက်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးစိုင်းလုံးကျောက်နွံ(ခ)**
**ဦးစိုင်းလုံးကျောက်**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ဇေယျာသီရိမြို့နယ်၊ အနော်ရထာရပ်ကွက်နေ (ဘ)ဦးညဏ်ဇော်ဦး၏ သမီးဖြစ်သူ မဖြူကြည်သက် ၁၂/ရကန (နိုင်)၀၈၉၇၅၈၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-072094)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၉၄၁၄၉၅၄၈**

## အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာထားခဲ့ခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းကြည် (၁၃/တကန(နိုင်)၀၉၄၄၇၃)၏ ညွှန်ကြားချက်အရ အောက်ပါ အတိုင်းကြေညာအပ်ပါသည်-

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူသည် ၎င်း၏သမီးငယ်ဖြစ်သော ဒေါ်အေဘယ်သော် (၈/ခမန(နိုင်)၁၄၆၂၂၄)အား လွန်ခဲ့သည့်(၂၀၀၉)ခုနှစ်၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလခန့်ရှိ ရက်တစ်ရက်တွင် မိဘနှင့်သားသမီးချင်းအခန့်မသင့်မှုတစ်ခုကြောင့် သမီးဖြစ်သူအပေါ် အမွေပြတ်စွန့်လွှတ်ကြောင်း နိုင်ငံပိုင်သတင်းစာတစ်ခုတွင် ကြေညာခဲ့မိပါသည်။ သို့သော် သမီးငယ်သည် (၂၀၁၁)ခုနှစ်ကတည်းက ကျွန်ုပ်၏မိတ်ဆွေဖြစ်သူထံတွင် အတူတကွပြန်လည်နေထိုင်လျက်ရှိပြီး ခင်ပွန်းဖြစ်သူ ဦးသော်ဇင် လူကြီးရောဂါဖြင့်သေဆုံးသည့် (၂၀၁၃)ခုနှစ်တွင်လည်း အတူနေထိုင်လျက်ရှိပါသည်။ သမီးငယ်သည် အဆိုပါကာလမှစ၍ ယခုသတင်းစာကြေညာသည့်အချိန်အထိလည်း ကျွန်ုပ်၏မိတ်ဆွေအပေါ်တွင် သားသမီးများထားရှိရမည့် ဝတ္တရားများနှင့်အညီ ကျွေးမွေးစောင့်ရှောက်ပြုစုကာ နေအိမ်တွင် အတူတကွနေထိုင်လျက်ရှိပါသည်။ ၎င်း၏အစ်မဖြစ်သူ သမီးကြီးဖြစ်သည့် ဒေါ်နှင်းအိအိသော် (၁၃/တကန(နိုင်)၁၄၆၂၃၇)နှင့်လည်း စိတ်ဝမ်းကွဲခြင်းတို့အလျဉ်းမရှိဘဲ ကျွန်ုပ်၏ မိတ်ဆွေကဲ့သို့ပင် ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင်နေထိုင်လျက်သာရှိပါသည်။

သို့ဖြစ်ပါ၍ နောက်နောင်တွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းကြည်သည် သမီးငယ်ဖြစ်သူ ဒေါ်အေဘယ်သော်အပေါ် အရင်က အမွေပြတ်ကြောင်း ကြေညာထားချက်များအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဟိန်းထက်အောင် (LL.B.)၊**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၃၀)၊**
**WIPO Academy (Switzerland)(DL-101, DL-317)**
**ဖုန်း-၀၉-၇၈၆၁၉၉၂၈၂**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1E/9084 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန (ရွှာသာကြီး)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/3159 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2B/6992 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက် ထား လာ ပါ သ ဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် MON/1691 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝါဝါမြင့် ၁၀/မလမ(နိုင်)၁၃၃၉၁၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အ ထော က် အ ထား များ ဖြ င့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၄၀၁၉၆ ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းမြင့် ၁၀/မဒန(နိုင်)၀၉၄၄၂၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အ ထော က် အ ထား များ ဖြ င့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၅၁၂၅၈ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းအောင် ၁၀/မလမ(နိုင်) ၂၇၃၄၇၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ကျောင်းနှင့်ဌာနများတွင် လစ်လပ်လျက်ရှိသော
## အမှုထမ်းရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာအထက်တန်းကျောင်းနှင့် ဌာနများအတွက် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံပြီး လျှောက်ထားလိုသူများသည် လျှောက်လွှာများကို မိမိနှင့်နီးစပ်ရာ တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျောင်းနှင့်ဌာနများတွင် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး၊ လစာနှုန်း | ပညာအရည်အချင်း | ခန့်အပ်မည့်ဦးရေ |
|---|---|---|---|
| (က) | စာရင်းကိုင်(၄) (၁၈၀၀၀၀ိ-၂၀၀ဝိ-၁၉၀၀၀၀ိ) | စီးပွားရေးဆိုင်ရာ ဘွဲ့တစ်ခုခုရရှိသူ | (၅၀)ဦး |
| (ခ) | အငယ်တန်းစာရေး (၁၈၀၀၀၀ိ-၂၀၀ဝိ-၁၉၀၀၀၀ိ) | ဘွဲ့တစ်ခုခုရရှိသူ | (၈၀)ဦး |
| (ဂ) | ရုံးအကူ (၁၄၄၀၀၀ိ-၂၀၀ဝိ-၁၅၄၀၀၀ိ) | အခြေခံပညာ အလယ်တန်း အောင်မြင်ပြီးသူ | (၄၀)ဦး |
| (ဃ) | အစောင့် (၁၄၄၀၀၀ိ-၂၀၀ဝိ-၁၅၄၀၀၀ိ) | အခြေခံပညာ မူလတန်းအဆင့်ရှိသူ | (၁၅)ဦး |
| (င) | သန့်ရှင်းရေးအကူ (၁၄၄၀၀၀ိ-၂၀၀ဝိ-၁၅၄၀၀၀ိ) | အခြေခံပညာ မူလတန်းအဆင့်ရှိသူ | (၁၅)ဦး |
| | | စုစုပေါင်း | (၂၀၀)ဦး |

၂။ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများအား အလုပ်လျှောက်လွှာခေါ်ယူသွား မည်ဖြစ်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) စာရင်းကိုင်(၄)ရာထူးနှင့် အငယ်တန်းစာရေးရာထူးနေရာများအတွက် လျှောက်ထားသူများသည် ၂၉-၂-၂၀၂၄ ရက်တွင် အသက်(၁၈)နှစ်ပြည့် ပြီး (၄၂)နှစ်ထက်မကျော်သူ ဖြစ်ရမည်။
(ဂ) ရုံးအကူရာထူး၊ အစောင့်ရာထူးနှင့် သန့်ရှင်းရေးအကူရာထူးနေရာများအတွက် လျှောက်ထားသူများသည် ၂၉-၂-၂၀၂၄ ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး (၄၂)နှစ်ထက်မကျော်သူ ဖြစ်ရမည်။
(ဃ) လုပ်ငန်းလိုအပ်ချက်အရ တိုင်းရင်းသားဒေသခံများကို ဦးစားပေးရွေးချယ် ခန့်ထားမည်။
(င) ဝန်ထမ်းအဖြစ် ခန့်ထားခြင်းခံရပါက နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနတွင် တစ်ဆက်တည်း လုပ်သက်အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(စ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(ဆ) ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်သူ ဖြစ်ရမည်။
(ဇ) စာရင်းကိုင်(၄)ရာထူးနှင့် အငယ်တန်းစာရေးရာထူးနေရာများအတွက် လုပ်ငန်းသဘော သဘာဝအရ ကွန်ပျူတာကျွမ်းကျင်သူများအား ဦးစားပေးရွေးချယ်သွားမည်။
(ဈ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။
(ည) အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

၃။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား သတင်းစာကြော်ငြာပါသည့်ရက်မှစ၍ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ Website www.dtvet.gov.mm တွင် download ရယူ၍သော်လည်းကောင်း၊ နီးစပ်ရာအစိုးရနည်းပညာကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့် ဌာနများတွင် လျှောက်လွှာများကို ထုတ်ယူ၍သော်လည်းကောင်း အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲလျက် ၁၃-၂-၂၀၂၄ ရက် နောက်ဆုံးထား၍ နီးစပ်ရာကျောင်းများသို့ တိုက်ရိုက်တင်သွင်း လျှောက်ထားရမည်-

(က) ဘွဲ့လက်မှတ် မိတ္တူ၊ အခြေခံပညာအလယ်တန်းအောင်မြင်ကြောင်း ထောက်ခံချက်မိတ္တူ၊ အခြေခံပညာမူလတန်းအောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်း၏ ထောက်ခံချက် မိတ္တူ။
(ခ) (၆)လအတွင်းရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။
(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဌာနအဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုကြောင်း ထောက်ခံချက်မူရင်း။
(ဃ) ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်မိတ္တူ။
(င) (၁)လအတွင်း ပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာမူရင်း။
(စ) (၁)လအတွင်း ပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း။
(ဆ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်မူရင်း။

